မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ၂၀၀၉ ခုနှစ်၊ မေ ၈ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၁၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေဟောင်းသမိုင်းဝင်ဆံတော်ရှင် ဆုတောင်းပြည့် ဓနုတ်စေတီတော်မြတ်ကြီး၏ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုဝင်များ မင်္ဂလာရွှေကြိုးဆွဲ၍ မင်္ဂလာရထားပုံ့ဖြင့် စေတီတော်အထက်သို့ ပင့်ဆောင်ပူဇော်ကြစဉ်။ (သတင်းစဉ်)

ရွှေဟောင်းသမိုင်းဝင် ဆံတော်ရှင်ဆုတောင်းပြည့် ဓနုတ်စေတီတော်မြတ်ကြီး

အထက်ဌာပနာတော်သွင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မေ ၇

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ဓနုတ်စံပြကျေးရွာရှိ ရွှေဟောင်းသမိုင်းဝင်ဆံတော်ရှင် ဆုတောင်းပြည့် ဓနုတ်စေတီတော်မြတ်ကြီး၏ အထက်ဌာပနာတော်သွင်း၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ဓနုတ်စေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် တက်ရောက်ကြည်ညိုပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပုံ့ဖြင့် စေတီတော်အထက်သို့ ပင့်ဆောင်ပူဇော်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်မိသားစုဝင်များ စိန်ဖူးတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၈ ရက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စက်မှုကဏ္ဍ တိုးမြှင့်ဖော်ဆောင် အတတ်ပညာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို) ဖွင့်ပွဲအခမ်းအနားကို မေလ ၆ရက်နေ့က ကချင်ပြည်နယ် ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်၏အကျိုးကို ခေတ်မီစက်မှုနည်းပညာဖြင့် သယ်ပိုးနိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် စက်မှုလက်မှုသိပ္ပံကို ဖွင့်လှစ်နိုင်ခြင်းသည် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးမှတ်တိုင်သစ် စိုက်ထူနိုင်ခြင်းပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍတွင် လူတိုင်း အခြေခံပညာသင်ယူခွင့်ရရှိရေးအတွက် ကချင်ပြည်နယ်တွင်လည်း ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းနည်းတူ အဆင့်မြင့်ပညာတွဲ့ကိုလည်း မိမိတို့၏ဒေသအတွင်း၌ လက်လှမ်းတမီ သင်ယူခွင့်ရရှိရေးအတွက် ဘာသာရပ်ဆိုင်ရာတက္ကသိုလ်များကို စီမံဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ရန် စက်မှုကဏ္ဍတိုးတက်ဖြစ်ထွန်းရေးသည် အဓိကလိုအပ်သည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍထွန်းကားရေးကြိုးပမ်းရာ၌ မရှိမဖြစ်လိုအပ်သည့် စက်မှုအတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပြုစုပျိုးထောင် မွေးထုတ်နိုင်ရေးအတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတစ်ခုကို သီးခြားဖွင့်လှစ်ပြီး နည်းပညာတက္ကသိုလ်များ၊ ကောလိပ်များ၊ စက်မှုလက်မှုသိပ္ပံကျောင်းများ ဖွင့်လှစ်၍ သင်ကြားလေ့ကျင့်ပေးလျက်ရှိသည်။

နိုင်ငံတော်အတွက် လိုအပ်သောအရည်အသွေးမြင့်မားသည့် အသိပညာနှင့် အတတ်ပညာရှင်များ ပေါ်ထွန်းရေးအတွက် အခြေခံပညာအထက်တန်းအောင်မြင်ပြီး အဆင့်မြင့်ပညာသင်ယူလိုသော ကျောင်းသားများအား သက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ၊ ကောလိပ်များသို့ သင်ယူနိုင်ခွင့်ရရန်သာမက အသိပညာ၊ အတတ်ပညာ၊ နည်းပညာများကို လုပ်ငန်းခွင်၌ ကျွမ်းကျင်မှုနှင့် ဆက်စပ်သင်ယူရန်လိုသော ကျောင်းသားကျောင်းသူများကို စက်မှုလက်မှုသိပ္ပံ အစိုးရနည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးပြီး သင်ယူမှုအခွင့်အလမ်းများကို စီမံခင်းကျင်းပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ယူသုံးစွဲရန် နည်းပညာများ၊ အတတ်ပညာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များကသာ ဖော်ဆောင်နိုင်မည်ဖြစ်၍ သင်ယူနိုင်မှုအခွင့်အလမ်းများကို နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၅-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + အဌာနာဋိယသုတ်
၅:၁၅ MRTV-4 နံနက်ခင်းသတင်း
၆:၁၀ **ကဆုန်လပြည့်ဗုဒ္ဓနေ့** တရားတော် [ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တ ဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်)]
၇:၀၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၂၈)
၇:၃၀ The Jetsons
၈:၀၀ MRTV-4 နံနက်ခင်းသတင်း
၈:၄၅ စွမ်းအားစုံညီ ကြက်ခြေနီ
၉:၁၀ Yangon Panorama (Hla Shwe Piano Services)
၉:၂၅ လှတောရွာရဲ့ ကုသိုလ်ထူး ပီတိပွားလို့ များကြည်နူး
၉:၄၀ Own Creative Fashion
၉:၅၀ အတ္ထရုံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ ရွာကလေး
၁၀:၁၀ ဓာတ်ပုံထဲမှ အမှတ်တရများ (သရုပ်ဆောင်ကျော်ကျော်ဗို)
၁၀:၃၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀:၅၅ ဓမ္မတေးအစီအစဉ်
၁၁:၂၀ စားဖွယ်စုံလင် ဒေသအစားအစာ အစီအစဉ် (ကချင်အစားအစာ)
၁၁:၄၀ Activities in the City (မိုးကောင်းဆုတောင်းပြည့် စေတီတော် ထီးတော်တင်ပွဲ)
၁၁:၅၅ လူတိုင်းအတွက် ရှေးဦးသူနာပြု (ရိုးဆက်ကြောနှင့် အရိုးများ ထိခိုက်ခြင်း)
၁၂:၂၀ သန္တေတည်တိုးပွား အကျိုးများမည် သစ်သီးဝလံမှသည်… ပန်းမန်အောင်ပွဲဆီ
၁၂:၃၀ နွယ်ငြိမ်းရဲ့သင်္ကေတ…မြန်မာ့အလှ
၁၂:၄၅ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁:၀၀ **ကဆုန်လပြည့်ဗုဒ္ဓနေ့** တရားတော် [ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဘဒ္ဒန္တ ဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်)]
၂:၀၀ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
၃:၀၀ ယနေ့သိပ္ပံနှင့်နည်းပညာ
၃:၁၀ သန့်ရှင်းကျန်းမာသော… အာဟာရပြည့်မှုများနှင့်အတူ
၃:၄၀ Study Guide (Win Japanese Language School)
၄:၀၀ စွမ်းအားစုံညီ ကြက်ခြေနီ
၄:၃၀ Art Vision (A Breakthrough)
၄:၄၀ အတ္ထရုံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ ရွာကလေး
၄:၅၀ မြိတ်မြို့မိသားစုဝင်များ၏ မြန်မာပြည်အနှံ့ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ်(အပိုင်း-၁)
၅:၄၀ စားဖွယ်စုံလင် ဒေသအစားအစာ အစီအစဉ် (ကချင်အစားအစာ)
၆:၀၀ MRTV-4 ညနေခင်းသတင်း
၆:၁၅ VJ Choice
၆:၄၅ Activities in the City (မိုးကောင်းဆုတောင်းပြည့် စေတီတော် ထီးတော်တင်ပွဲ)
၆:၅၅ Movie Mistakes (Speed)
၇:၁၀ Yangon Panorama (Hla Shwe Piano Services)
၇:၃၀ သန္တေတည်တိုးပွား အကျိုးများမည် သစ်သီးဝလံမှသည်… ပန်းမန်အောင်ပွဲဆီ
၇:၄၀ ဓာတ်ပုံထဲမှ အမှတ်တရများ (သရုပ်ဆောင်ကျော်ကျော်ဗို)
၈:၀၀ MRTV-4 သတင်း
၈:၁၅ Own Creative Fashion
၈:၃၀ လူတိုင်းအတွက် ရှေးဦးသူနာပြု (ရိုးဆက်ကြောနှင့် အရိုးများ ထိခိုက်ခြင်း)
၈:၄၅ Movie Mistakes (Speed)
၉:၁၅ Art Vision (A Breakthrough)
၉:၃၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၂၈)
၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁:၄၅ VJ Choice
၁၂:၁၅ Study Guide (Win Japanese Language School)
၁၂:၄၀ လှတောရွာရဲ့ ကုသိုလ်ထူး ပီတိပွားလို့ များကြည်နူး
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၈-၅-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေးအတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ မဟာဂီတချိုကြည်မြ
၄:၅၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၃၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၅၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၄၀ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနှင့် ပန်းနှင်းဆီ** (အပိုင်း-၁၆)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ စိုက်ပျိုးသုတ
၂၀။ ရှင်သန်နေသောသီချင်းများ (Living Songs)
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့် ကျန်ကျောင်း** (အပိုင်း-၆)

လျှပ်စစ်(၂) ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China International Water & Electric Corporation မှ Vice Presiden, Mr. Wang yu. နှင့် အဖွဲ့သည်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ Angelique International Limited မှ Vice President, Mr Pradeep Arya နှင့် အဖွဲ့သည်လည်းကောင်း၊ မေ ၄ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံကြရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။**(သတင်းစဉ်)**

နေပြည်တော် မြန်မာ့အသံ

(စနေနေ့-နံနက်+နေ့လယ်+ည)

(၉-၅-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၁၅ တရားတော် (မောရသုတ်+ဝဋ္ဋသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိအသိရှိစေဖို့ (စိတ်ကောင်းမွေးခြင်း)
၈:၄၀ တေးပဒေသာ
၉:၀၀ ဘဝအသွင်ကဗျာ့အမြင် (ပန်းခရေနိဂုံး)
၉:၁၀ တေးပဒေသာ
၉:၃၀ မွေးနေ့လက်ဆောင်
၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၀ မင်္ဂလာလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ကလေးအစီအစဉ် (ရေကောင်းရေသန့်ကဗျာ) နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅ ဇာတ်လမ်းပမာ နားဆင်စရာ (မေမေပြန်ဖို့ပြင်ရမယ်)
၁၁:၅၅ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် တေးပဒေသာ
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (ဗောဓိပင်နှင့် နွေကဆုန်) ဟန်မျိုးစုံညီတေးကိုသီ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (စကြဝဠာတိုင် သင်းပျံ့ဝေစည်ကြက်ခြေနီ)
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ လေလှိုင်းကြားကပွဲ့တင်သံ
၁၇:၁၅ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ခေတ်မရွေးသောတေးများ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၀၅ တေးချစ်သူရွေးသီတေးပန်းချီ
၁၈:၃၀ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၃၀ ကျန်းမာရေးရာသိကောင်းစရာ (သက်ကြီးရွယ်အိုများတွင် တွေ့ရသောအစက်အပြောက်များ)
၁၉:၄၀ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း သံစဉ်တေးသွား မေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၀၀ နိုင်ငံတကာအနုပညာ (၄၇) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ဗိုလ်တထောင်မြို့နယ် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အတွင်းရေးမှူး ဒေါ်မီမီသက်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းအေး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ဧပြီ ၂၉ရက်က ရပ်ကွက်အတွင်းရှိ လမ်းဘေးဈေးသည်များ ဈေးရောင်းချမှု ကွင်းဆင်းစစ်ဆေး ကြပ်မတ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၁၃ရပ်ကွက် သစ်တော(၂)လမ်း အမှတ် (၁၁၀၇/၁၁၀၈)နေ ဦးစိုင်းမင်းမင်းမွေး (အုပ်ချုပ်မှုဒါရိုက်တာ၊ လျှမ်းထက်ခိုင်ကျောက်မျက်ကုမ္ပဏီ)-ဒေါ်နွယ်နွယ်ဝေမိသားစုက မိခင်ကြီး ဒေါ်နန်းချိုချိုခမ်း (ခ) ဒေါ်နန်းအေဟောင် (၆)နှစ်ပြည့်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၀သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အောဘယ်လ်(ငြိမ်း)နှင့် အဖွဲ့ဝင် တွဲဖက်ပါမောက္ခ ဒေါက်တာဦးမျိုးမင်းတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

■ ရွှေဖုံးမှ

ကိုးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ တွံတေးမြို့ ကျုံးကြီးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တညာဏာယျမဓမ္မထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုဝင်များ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တာဝန်ရှိသူများနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုဝင်များက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကိုယ်စား ယပ်ဝန်းတော်၊ ဌာပနာတော်များနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုဝင်များ၊ တာဝန်ရှိသူများနှင့် ပရိသတ်တို့က ရေစက်ချအနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနား ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုဝင်များက ဦးဆောင်၍ တာဝန်ရှိသူများက စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဌာပနာတော်များနှင့် အရံစေတီများ၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များကို ဒေဝါဝင်းနှင့် ရာဇာဝင်းများခြံရံလျက် ပင့်ဆောင်ကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ထည့်သွင်းပူဇော်

ယင်းနောက်ဌာပနာတော်များကို အထက်ဌာပနာတိုက်သို့ ပင့်ဆောင်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ မိသားစုဝင်များနှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့က တောင်အရပ်ဌာပနာတိုက်မှ စတင်၍ လက်ယာရစ်ကာ ဌာပနာတော်များကို ဌာပနာတိုက်တော်အတွင်း ထည့်သွင်းပူဇော်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော ပရိသတ်များ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ဆုတောင်းပြည့် ဓနုတ်စေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ထို့နောက်ဌာပနာတိုက်များကိုပိတ်၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် အသင့်ပြင်ဆင်ထားပြီးဖြစ်သော ရွှေထီးတော်ပထမဘုံဆင့်မှစတင်၍ ရွှေထီးတော် ဘုံအဆင့်ဆင့်ကို တင်လှူပူဇော်ကြသည်။

ပင့်ဆောင်ပူဇော်

ထို့နောက် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုဝင်များ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ တာဝန်ရှိသူများက မင်္ဂလာရွှေကြိုးဆွဲ၍ မင်္ဂလာရထားပျံဖြင့် စေတီတော်အထက်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ယင်းနောက်ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ မိသားစုဝင်များနှင့် တာဝန်ရှိသူများက စေတီတော်အထွတ်တွင် တင်လှူပူဇော်ကြသည်။

ထို့နောက် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြသည်။

တင်လှူပူဇော်

ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ဆုတောင်းပြည့်ဓနုတ်စေတီတော်မြတ်ကြီး၏ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ မိသားစုဝင်များနှင့် တာဝန်ရှိသူများက စေတီတော်အထွတ်တွင် တင်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

ယင်းအချိန်တွင် အရံစေတီများ၏ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များကိုလည်း တာဝန်ရှိသူများက အရံစေတီများထက်၌ တင်လှူပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်သည် ဓနုတ်စေတီတော်မြတ်ကြီး၏ အရှေ့မြောက်ထောင့်အရပ်၌ မဟာဗောဓိပင်ကို စိုက်ပျိုးပြီး မြေဆီထည့်သွင်းကာ ရေစင်သွန်းဖျန်းသည်။

ထို့နောက် ခိုနှင့်စာကလေးငှက်များကို ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်

ရန်ကုန် မေ ၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်း တိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာ ကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ရွှေဘိုမြို့နှင့် မုံရွာမြို့တို့တွင် ၄၂ဒီဂရီစင်တီဂရိတ်စီ၊ မြင်းခြံမြို့၊ ညောင်ဦးမြို့နှင့် ပြည်မြို့တို့တွင် ၄၁ဒီဂရီ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဖျာပုံမြို့တွင် ၁ဒသမ ၂၂လက်မ၊ မန္တလေးမြို့တွင် ဝဒသမ ၉၅လက်မနှင့် တောင်ကြီးမြို့တွင် ဝဒသမ ၅၉လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မေ ၈ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းအငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာ အသိပေးဆွေးနွေး

တန့်ယန်း မေ ၇

ကမ္ဘာ့လူတုပ်ကွေး ရောဂါကာကွယ်ရေးဆိုင်ရာ အသိပေးဆွေးနွေးပွဲကို ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့ မြို့နယ်ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမ၌ မေ ၅ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရက အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးဝင်းက ကမ္ဘာ့လူတုပ်ကွေး ရောဂါ ကူးစက်ပြန့်ပွားပုံနှင့် ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆွေးနွေးပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းက ဝက်တုပ်ကွေးရောဂါ (Swine Flu) သတိပေးနှိုးဆော်ချက်နှင့် ကာကွယ်ရေးလုပ်ငန်းများ ဆွေးနွေးပြောကြားကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မြို့ပေါ်ရပ်ကွက် ၁၀ရပ်ကွက်မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

(မြို့နယ်ကျန်းမာရေး)

ဂါဇာကမ်းမြောင်ကို အစ္စရေးတို့တိုက်ခိုက်မှု ကုလသမဂ္ဂဝေဖန်ရှုတ်ချ

ဂျီနီဗာ မေ ၇

အစ္စရေးက ဂါဇာကမ်းမြောင်ဒေသအတွင်း ရက်သတ္တသုံးပတ်ကြာ ထိုးစစ်ဆင်နွှဲခဲ့စဉ်အတွင်း သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှုများ၊ ကုလသမဂ္ဂဝန်ထမ်းများနှင့် ပစ္စည်းဥစ္စာထိခိုက်ပျက်စီးမှုများ ပေါ်ပေါက်ခဲ့မှုနှင့် ပတ်သက်၍ ကုလသမဂ္ဂက ၎င်းတို့အား ဝေဖန်ပြစ်တင်ရှုတ်ချကြောင်း ကုလသမဂ္ဂ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ချိုးဖောက်မှု

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ စုံစမ်းရေးဘုတ်အဖွဲ့နှင့် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ကုလသမဂ္ဂအား တိုက်ခိုက်မှုသည် ကုလသမဂ္ဂ၏ ထာဝရတည်မြဲနေသည့် ပရိဝုဏ်အား စံတင်လောက်သည်အထိ ချိုးဖောက်မှုဖြစ်ပြီး ကုလသမဂ္ဂ၏ စည်းမျဉ်းကို လေးစားလိုက်နာရန် ပျက်ကွက်ခဲ့မှုပင်ဖြစ်သည်ဟု ထင်မြင်ယူဆသည်။

ထုတ်ပြန်ထား

အဆိုပါကုလသမဂ္ဂ၏ အစီရင်ခံစာက ဥပဒေကြောင်းအရ လိုက်နာဆောင်ရွက်ရန် မဟုတ်သော်လည်း အနာဂတ်ကာလတွင် ယင်းအဖြစ်အပျက်မျိုး ထပ်မံမဖြစ်ပွားစေရန် ဆောင်ရွက်ရေးအတွက် ထောက်ခံထားသည်။ အဆိုပါဘုတ်အဖွဲ့၏ အစီရင်ခံစာသည် ဌာနတွင်း တရားဝင်ထုတ်ပြန်သည့် အစီရင်ခံစာသာဖြစ်ပြီး ပြည်သူများသို့ အပြည့်အဝထုတ်ပြန်ပေးခြင်းမရှိဘဲ သတင်းထောက်များအတွက် အကျဉ်းအားဖြင့် ထုတ်ပြန်ထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပန်းပုလက်ရာများ

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့ရှိ ယဉ်ကျေးမှုကောလိပ်၌ ဆီဆေးပန်းချီများ ခြယ်မှုန်းထားသည့် ရိုးရာပန်းပု လက်ရာများကို မေ ၆ရက်က ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်အရှေ့တောင်ပိုင်းပြည်နယ်များ၌ အင်အားပြင်းမုန်တိုင်းတိုက်ခတ်

ဟူစတန် မေ ၇

အမေရိကန်ပြည်ထောင်စု အရှေ့တောင်ပိုင်းပြည်နယ်များတွင် အင်အားပြင်းထန်သည့် မုန်တိုင်းတိုက်ခတ်သွားသဖြင့် သစ်ပင်များ ပြိုလဲပြီး လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ကာ ဂျော်ဂျီယာပြည်နယ်တစ်ခုတည်းတွင်ပင် လေဆင်နှာမောင်းလေးကြိမ်ထက်မနည်း တိုက်ခတ်ခဲ့ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။

မစ္စစ္စပီပြည်နယ် အရှေ့တောင်ပိုင်းတွင် အမျိုးသမီးတစ်ဦး ၎င်း၏အိမ်အပြင်ဘက်တွင် ရပ်နေစဉ် သစ်ပင်လဲကျ၍ သေဆုံးခဲ့ပြီး အခြားဒေသခံတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု မစ္စစ္စပီ အရေးပေါ်စီမံရေးဌာနက ပြောကြားသည်။ မစ္စစ္စပီနှင့် လူဝီစီယားနားပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားနိုင်သည်ဟု သတိပေးချက်များ ထုတ်ပြန်ထားသည်။ သို့ရာတွင် အခြားပျက်စီးသည့် သတင်းများ မရရှိခဲ့ပေ။

ဂျော်ဂျီယာပြည်နယ်အနောက်မြောက်ပိုင်းတွင် လေဆင်နှာမောင်း လေးကြိမ်တိုက်ခတ်ခဲ့သော်လည်း ထူးခြားသည့်အပျက်အစီးနှင့် ဒဏ်ရာရရှိမှုများပေါ်ပေါက်ခြင်း မရှိခဲ့ပေ။ အယ်လ်ဘားမားပြည်နယ်တွင် လေဆင်နှာမောင်း အကြိမ်ကြိမ်တိုက်ခတ်ခဲ့သဖြင့် အဆောက်အအုံများပျက်စီးကာ သစ်ပင်နှင့် လျှပ်စစ်ဓာတ်အားပေးတိုင်များ ပြိုလဲခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်သမ္မတအိုဘားမားနှင့် အစ္စရေးသမ္မတ ရှီမွန်ပီရက်စ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေး

ဝါရှင်တန် မေ ၇

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်နှင့် အိမ်ဖြူတော်တွင် မေ ၅ရက်က တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် ရပ်တန့်နေသည့် အရှေ့အလယ်ပိုင်းဆွေးနွေးပွဲကိစ္စကို အလေးထားဆွေးနွေးကြကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

ဖော်ပြ

သမ္မတနှစ်ဦးက အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ဆက်လက်ကျင်းပရေးနှင့် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်အပါအဝင် အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုပြဿနာများကို အမြင်ချင်းဖလှယ်ကြသည်ဟု အိမ်ဖြူတော်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အိုဘားမားက အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နီတန်ယာဟူနှင့် ယခုလကုန်ပိုင်းတွင် တွေ့ဆုံဆွေးနွေးရန် မျှော်လင့်နေသည်ဟု ကြေညာချက်တွင် ပါရှိသည်။

ဖိတ်ခေါ်

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကိစ္စ ဆွေးနွေးရန်အတွက် အိုဘားမားက အီဂျစ်နှင့် ပါလက်စတိုင်းခေါင်းဆောင်များကို လာမည့်ရက်သတ္တပတ် အနည်းငယ်အတွင်း လာရောက်ရန် ဖိတ်ခေါ်ထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်စီပြည်နယ်ရှိ မီးရထားလမ်းသစ် ဖောက်လုပ်မှုလုပ်ငန်းခွင်ကို မေ ၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စပိန်နိုင်ငံအနောက်ပိုင်း လာဂရန်ဂျာတောင်မှ ကီလိုမီတာ ၉၀အကွာ စန်တန်ဒါအရပ်ရှိ ဆက်သွယ်ရေးဌာန အဆောက်အအုံ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်မှု အာဖဂန်နစ္စတန်ပြည်သူ ၁၀၀ခန့် သေဆုံး

ကဘူးလ် မေ ၇

အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်ပြည်သူ ၁၀၀ခန့် သေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့က မေ ၇ ရက်တွင် ပြောကြားသည်။

လေကြောင်းမှ တိုက်ခိုက်သည့်ဒေသမှာ အာဖဂန်နစ္စတန်နိုင်ငံ ဖာရက်ပြည်နယ် အနောက်ပိုင်းဒေသဖြစ်ပြီး ဒဏ်ရာရရှိမှုမှာလည်း များပြားကြောင်း၊ ထိုသို့တိုက်ခိုက်ခြင်းမှာ မေ ၅ ရက်က ဖြစ်ကြောင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

လေကြောင်းမှ တိုက်ခိုက်ခံရမှုကြောင့် သေဆုံးဒဏ်ရာရရှိသူများတွင် အမျိုးသမီးနှင့်ကလေးငယ်များ အများဆုံးပါဝင်ကြောင်း၊ ယခုအချိန်အထိ သေဆုံးသည့် ကလေးငယ်ဦးရေမှာ ၂၀ခန့်ရှိကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများအား ပစ်မှတ်ထားပြီး အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်မှုကြောင့် အရပ်သားများ သေဆုံးမှုဦးရေမှာ ရာနှင့်ချီပြီးရှိနေပြီဖြစ်ကြောင်း အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

တုပ်ကွေးတိုက်ဖျက်ရေး တာမီဖလူး ဆေးဝါးများ ၇၂ နိုင်ငံသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပေးပို့

ဂျီနီဗာ မေ ၇

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က မက္ကဆီကိုအပါအဝင် နိုင်ငံပေါင်း ၇၂နိုင်ငံသို့ တုပ်ကွေးရောဂါကုသရာတွင် ထိရောက်မှုရှိသည့် တာမီဖလူးဆေးဝါးအမယ် ၂၃သမ ၄သန်းကို စတင်ပို့ဆောင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

လှူဒါန်း

ဆွစ်ဇာလန်နိုင်ငံမှ ဆေးဝါးထုတ်လုပ်သည့် ရိုချေဟိုဒ်င်းအေဂျီကုမ္ပဏီက ဒဗလျူအိတ်ချ်အိုသို့ တုပ်ကွေးရောဂါကုသရန်အတွက် ဆေးဝါးများ လွန်ခဲ့သည့်နှစ်များအတွင်းက လှူဒါန်းခဲ့ကြောင်း ဒဗလျူအိတ်ချ်အိုက မက္ကဆီကိုအပါအဝင် ဆေးဝါးလိုအပ်သည်ဟု ယူဆရသည့် နိုင်ငံများသို့ တုပ်ကွေးရောဂါ တိုက်ဖျက်ဆေးအမယ် ၂၃သမ၄သန်း ပေးပို့နေကြောင်း ဒဗလျူအိတ်ချ်အို၏ ပြောရေးဆိုခွင့်ရှိသူ ဖက်ဒီလာ ချိုက်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထပ်လောင်းပြောကြား

အဆိုပါ ဆေးဝါး၏ ပထမအသုတ်ကို မေ ၅ရက်တွင် ပေးပို့မည်ဖြစ်ကြောင်း၊ ယင်းဆေးဝါးများကို ဆွစ်ဇာလန်၊ အမေရိကန်နိုင်ငံ မေရီလင်းပြည်နယ်နှင့် အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်းမြို့များသို့ စတင်ပေးပို့မည်ဖြစ်ကြောင်း ဖက်ဒီလာက ထပ်လောင်းပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

မက္ကဆီကိုမှ ထိုင်းသို့ပြန်လာသူသုံးဦး တုပ်ကွေးရောဂါ လက္ခဏာတွေ့ရှိ

ဗန်ကောက် မေ ၇

မက္ကဆီကိုနိုင်ငံမှ ဗန်ကောက်မြို့သို့ မေ ၃ရက် ညက ပြန်ရောက်လာကြသူ ၁၄ဦးအနက် ကျောင်းသားသုံးဦးမှာ A/H_1N_1 တုပ်ကွေးရောဂါလက္ခဏာများ တွေ့ရှိသဖြင့် ယခုအခါ ဆေးသိပ္ပံ၊ သီးသန့်လူနာခန်းတွင် နေရာချထားလိုက်ရကြောင်း အဆိုပါ ဆေးသိပ္ပံညွှန်ကြားရေးမှူး ဒေါက်တာပရီချာက မေ ၄ ရက် နံနက်၌ ထုတ်ဖော်ပြောကြားသည်။

အဆိုပါ ရောဂါလက္ခဏာတွေ့ရှိသူ ကျောင်းသားသုံးဦးအား သွေးစစ်ကြည့်လျှင် A/H_1N_1တုပ်ကွေးရောဂါ ဖြစ်ပွားနေခြင်း ဟုတ်မဟုတ် အဖြေထွက်ရှိလာမည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပင်လယ်ဓားပြများအား စစ်ဆေးစီရင်ရန် နိုင်ငံတကာတရားရုံးရှိရန်လိုအပ်

မော်စကို မေ ၇

ပင်လယ်ဓားပြများအား စစ်ဆေးစီရင်ရေးအတွက် နိုင်ငံတကာတရားရုံးတစ်ရုံး ထူထောင်ရန် ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က မေ ၄ရက်တွင် တိုက်တွန်းနှိုးဆော်လိုက်သည်။

ဖော်ပြထား

ဆိုမာလီနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်မှ ပင်လယ်ဓားပြ ၂၉ဦးလိုက်ပါလာသည့် သင်္ဘောတစ်စင်းကို ဖမ်းဆီးရမိခဲ့ကြောင်း ရုရှားနိုင်ငံက ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ကြေညာသည်။ သို့သော် မသင်္ကာဖွယ် ပင်လယ်ဓားပြများကို မည်သည့်နေရာတွင် ရုံးတင်စစ်ဆေးစီရင်ရမည်ကို ယခုတိုင် မဆုံးဖြတ်ရသေးဟု ရိုက်တာသတင်း၌ ဖော်ပြထားသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်း လူစည်ကားရာ ဈေးတစ်ဈေး၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၆ ရက်က တွေ့ရစဉ်။ (ယင်းပေါက်ကွဲမှုကြောင့် ပြည်သူ ၁၁ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရရှိသည်။) **(အင်တာနက်ဓာတ်ပုံ)**

8-5 (04).pmd 1 5/8/2009, 2:08 AM

● *ကျောဖုံးမှ*

ည၇နာရီခန့်တွင် ရေလှိုင်းများ ထလာကာ မော်တော်လှုပ်ခါလာသဖြင့် သတိထားရသည်။ ည ၈နာရီတွင် ကလိန်တောင်ရွာအနီး အလယ်တွင် ကျောက်ချရပ်နားညအိပ်သည်။ ပင်လယ်ရေလှိုင်းကြောင့် မော်တော်ဘုတ်မှာ လှုပ်ခါနေသဖြင့် ငယ်စဉ်က အမေလွဲပေးသည့် ပုခက်လောက်မကောင်းသော်လည်း ခရီးပန်းလာသဖြင့် အိပ်ပျော်သွားသည်။

"ခိုင်ခံ့တဲ့ သံကူကွန်ကရစ်တိုင်များနဲ့ အစားထိုးတည်ဆောက်နေပါတယ်"

ခရိုင်အင်ဂျင်နီယာ ဦးခင်စိုး

နံနက် ၄နာရီခန့်တွင် မော်တော်ဘုတ်မှာ မာန်အောင်ကျွန်းဆီသို့ ဦးတည်ခုတ်မောင်းနေသည်။ နံနက် ၆နာရီတွင် သတင်းခရီးသည် တစ်ကြိမ်မျှ မရောက်ဖူးသည့် (၁) မေဃဝတီ (မိုးများစွာ ရွာသောကျွန်း)၊ (၂) ကျွန်းပြာသာဒ် (အရှည်ဆုံးအငူချွန်ပြီး ပြာသာဒ်ပုံရှိသည်)၊ (၃) ဖောင်ဒူကျွန်း (ဘင်္ဂလားပင်လယ်အော်ထဲတွင် ပေါလောမြင်နိုင်၍ ဖောင်နှင့်တူသောကြောင့် ဖောင်တူကျွန်းဟု ခေါ်သည်)၊ (၄) မိန်းမလှကျွန်း (မိန်းမချောများပေါ၍ မိန်းမလှကျွန်းဟုခေါ်သည်)၊ (၅) ချီဒူဘာကျွန်း (အင်္ဂလိပ်အခေါ်ဖြစ်သည်)၊ (၆) မာန်အောင်ကျွန်း (ရန်အပေါင်းကို အောင်မြင်သောနိမိတ်ဖော်ညွှန်းသဖြင့် မာန်အောင်ဟုခေါ်သည်) စသည့် အမည်ခြောက်မျိုးနှင့် ထင်ရှားသည့် မာန်အောင်မြို့သို့ အန္တရာယ်ကင်းစွာ ရောက်ရှိခဲ့သည်။

တွေ့ဆုံ

ဆိပ်ကမ်းတွင် အသင့်စောင့်နေသော မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ မော်တော်ကားဖြင့် ထွေအုပ်ညှော့ရိပ်သာသို့ သွားရောက်သည်။ မကြာမီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်၊ ကျောက်ဖြူခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအင်ဂျင်နီယာမှူး ဦးခင်စိုး၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးဦးစောထွန်းတို့နှင့်တွေ့ဆုံကာ မာန်အောင်မြို့ ဖွံ့ဖြိုးတိုးတက်မှုများကို ကြားသိရသည်။

ပြသ

သတင်းခရီးသည်နှင့် အဖွဲ့သည် မော်တော်ဆိုင်ကယ် ငါးစီးဖြင့် သဲအင်းကျေးရွာကွင်းအမှတ် ၈၅၆၊ မိုးစပါး စံပြဧက ၂၀၀တွင် တောင်သူ ၉၂ဦးက တစ်ဆက်တစ်စပ်တည်း အောင်မြင်စွာ စိုက်ထားသည့် ဆင်းပဒေသာ(၆)မျိုးမြေပဲခင်းသို့ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာဦးစံအေး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမောင်မောင်စိုးတို့က လိုက်လံပြသကြသည်။

မြေပဲခင်း

မြို့ပတ်ပတ်လည်တွင် ရေငန်များ သာဝိုင်းရံထားပြီး စိုက်ပျိုးရေမရှိသော ဒေသတွင် ဆောင်းသီးနှံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင် သီးနှံများ လျာထားချက်အတိုင်း အောင်မြင်စွာ စိုက်ပျိုးကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်ဟာ ၁၂၈၃၀၉ ဧက ကျယ်ဝန်းပြီး ၃၆၆၁၃ ဧကမှာ စပါး၊ ဆောင်းသီးနှံ၊ စားဖိုဆောင်သီးနှံ၊ ဆီထွက်သီးနှံများ ၂၇၄၁၆ ဧက၊ ကိုင်းမြေ ၂၇၅၈ ဧက၊ ခနိမြေ ၂၆၄ဧက၊ ဥယျာဉ်မြေ ၆၁၆၂ ဧက၊ တောင်ယာမြေ ၁၃ဧက စိုက်ပါတယ်၊ စိုက်ပျိုးလို့ရတဲ့မြေပေါ်မှာ ကျွန်တော်တို့ သီးနှံမျိုးစုံ အောင်မြင်စွာ စိုက်ပျိုးနေပါတယ်"ဟု မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်က သတင်းခရီးသည်ကို သဲအင်းကျေးရွာမှ အောင်မြင်ဖြစ်ထွန်းနေသည့် မြေပဲခင်းကိုပြသရင်း ပြောပြသည်။

မာန်အောင်မြို့နယ်သည် မာန်အောင်ကျွန်း၊ ရဲကျွန်း၊ တိုက်ကျွန်းတို့ဖြင့် ဖွဲ့စည်းထားပြီး ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၃၆အုပ်စု၊ ကျေးရွာ ၁၃၈ရွာဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ ၉၀၀၀၀ကျော်ရှိသည်။

၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါး ၂၇၉၃၃ ဧကစိုက်ပျိုးရာ ၁၉၀၆၁၄၈တင်း ထွက်ရှိကြောင်းနှင့် မတ်ပဲ၊ ပဲတီစိမ်း၊ ဗိုလ်ကိတ်၊ ပဲလွမ်း၊ ပဲစင်းငုံ ၄၆၀၈ဧက စိုက်ပျိုးထားကြောင်း၊ ငရုတ်ကောင်း ၁၂၅၇ဧက၊ ရော်ဘာဧက ၅၁၀ကိုလည်း စိုက်ပျိုးထားကြောင်း သိရသည်။

စီးပွားရေး

ရေလုပ်ငန်းတွင်လည်း ငါး၊ ပုစွန်အဝယ်ဒိုင်များမှ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လ အတွင်း ရေငန်ပုစွန် ပိဿာ ၅၄၀၊ ရေငန်ငါး ပိဿာ ၄၅၀၊ ကျောက်ပုစွန် ပိဿာ ၇၃၀၊ ဂဏန်း ၁၅၄ ပိဿာ၊ ငါးဆားနယ် ပိဿာ ၅၂၀၀၊ ငါးပိဿာ ၅၀၀၀ ထုတ်လုပ်နိုင် သဖြင့် ဒေသခံတို့၏ စီးပွားရေးမှာ အဆင်ပြေသည်။

ကျွန်းပတ်လမ်း

မာန်အောင် ကျွန်းပတ်လမ်းသည် ပင်လယ်ကမ်းစပ်အနီးတွင်ကပ်၍ ဒေသခံပြည်သူများမှ ၁၉၉၁ခုနှစ်တွင် စတင်ဖောက်လုပ်ကာ ၁၉၉၃ခုနှစ်တွင် ပြီးစီးကြောင်း၊ ၅၁မိုင် ၃ဖာလုံရှည်လျားကြောင်း၊ ၁၉၉၇-၁၉၉၈ခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူခဲ့ပြီး ကျွန်းပတ်လမ်းပေါ်တွင် တံတားပေါင်း ၂၁၀ရှိပြီး ပေ ၅၀အောက် ၁၈၆စင်း၊ ပေ ၅၀ အထက်၂၄စင်းရှိကြောင်း ပြောပြသည်။

မိုးမကျမီ အပြီးဆောက်လုပ်နေသည့် ပေ ၁၃၀ အရှည် ပန်းခြံချောင်းတံတားကို ခရိုင်အင်ဂျင်နီယာမှူး၊ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့တို့က ဤသို့ ကြီးကြပ်ဆောင်ရွက်နေကြသည်။ (မြန်မာ့အလင်း)

စတင်ဆောင်ရွက်

ယင်းသို့ တံတားနှင့်လမ်းများ ပျက်စီးနေသဖြင့် မြို့အလှပျက်စီးသကဲ့သို့ ဒေသခံတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးပါ ခက်ခဲနေသဖြင့် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ရခိုင်ပြည်နယ်အတွင်း မာန်အောင်ကျွန်းပေါ်ရှိ တံတားများနှင့် ပတ်သက်၍ အမြန်အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားခဲ့ရာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးမှ တံတားများနှင့် မြို့ပတ်လမ်းကို အမြန်ပြုပြင်ရန် တာဝန်ပေးသဖြင့် ခရိုင်အင်ဂျင်နီယာမှူး ဦးခင်စိုး ကိုယ်တိုင်ကြီးကြပ်ကာ စတင်ဆောင်ရွက်နေပေပြီ။

လိုက်လံပြသ

ခရိုင်အင်ဂျင်နီယာမှူး ဦးခင်စိုးက သတင်းခရီးသည်ကို ဘဲအင်းကျေးရွာအုပ်စုအတွင်းရှိ ကျပ်၁၇၉၅သိန်း အကုန်အကျခံကာ အလျားပေ ၁၃၀ × အကျယ် ၁၂ပေ အောက်ခံ ကွန်ကရစ်တိုင်များဖြင့် ဆောက်လုပ်ဆဲ သစ်သားတံတားကို လိုက်လံပြသသည်။ လုပ်ငန်းခွင်တွင် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလင်းက တံတားအောက်ခံတိုင်မှာ မူလက သစ်သားတိုင်များ ဖြစ်ကြောင်း၊ ဒီရေ အမြဲဝင်ရောက်သဖြင့် တိုင်များ ဒီရေပိုးစားသဖြင့် နှစ်နှစ်ကျော်လျှင် တံတားတိုင်များ ပျက်စီးမည်ဖြစ်သဖြင့် အမြဲတမ်းအသုံးပြုနိုင်ရန်အတွက် ခိုင်ခံ့သည့် သံကူကွန်ကရစ်တိုင်များဖြင့် အစားထိုးတည်ဆောက်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ မာန်အောင်ကျွန်းပတ်လမ်းမပေါ်တွင် ကျပ်သိန်း ၂၀၀၀ ခန့် အကုန်အကျခံကာ ဆောက်လုပ်နေသည့် ၁၆ခုတင်ဆံ့ ဆားချက်ဆေးရုံ ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ မြို့နယ်ဥက္ကဋ္ဌ၊ ခရိုင်အင်ဂျင်နီယာမှူးတို့နှင့်အတူ မော်တော်ဆိုင်ကယ်ဖြင့် ခရီးဆက်ခဲ့ကြသည်။

မော်တော်ကားလမ်းမှာ အမာခံလမ်းအမျိုးအစားဖြစ်ပြီး အများအားဖြင့် သွားလာရေး ကောင်းမွန်နေသည်။

ဖောက်လုပ်ပြီး

ကျောက်ဖြူ-မအီလမ်းပိုင်း ပိန္နဲတောင်မှ ရမ်းဗြဲမြို့သို့ဆက်သွယ်သည့် ၉မိုင် ၃ဖာလုံမှာ အကျယ်ပေ ၃၀ မြေသားလမ်းမှာလည်း ဖောက်လုပ်ပြီးစီးနေပြီ ဖြစ်သည်။

တိုက်နယ်ဆေးရုံ

ဆားချက်တိုက်နယ်ဆေးရုံသို့ သတင်းခရီးသည်ရောက်သည်နှင့် ဝရုဖိန်ဆောက်လုပ်ရေးမှ တာဝန်ခံဦးအေးဖေက ကြိုဆိုကာ အလျား ၁၂၈ပေ×အနံ ၁၂၁ပေ ၆လက်မ× အမြင့် ၁၃ပေရှိ တစ်ထပ် R.C သံကူကွန်ကရစ် သွပ်မိုး၊ သမံတလင်းခင်း အဆောက်အအုံပုံစံပြသကာ ခွဲစိတ်ခန်း၊ သန့်စင်ခန်း၊ ကြွေပြားကပ်မည် ဖြစ်ကြောင်း ရှင်းပြသည်။ ဒေသခံများ၏ ကျန်းမာရေးကို ထိရောက်စွာ စောင့်ရှောက်မည့်ဆေးရုံဖြစ်သည်။ ခွဲစိတ်ခန်း နှစ်ခန်း၊ သားဖွားခန်း တစ်ခန်းပါသဖြင့်လည်း မိခင်နှင့်ကလေးတို့၏ ကျန်းမာရေးကိုလည်း ထိရောက်စွာ စောင့်ရှောက်နိုင်မည်ဖြစ်သည်။

"စိုက်ပျိုးလို့ရတဲ့မြေပေါ်မှာ သီးနှံမျိုးစုံ ဖြစ်ထွန်းအောင် စိုက်ပျိုးနေပါတယ်"

ဦးညီညီလွင်

ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
မာန်အောင်မြို့။

ရာနှုန်းပြည့်အောင်မြင်

ဆေးရုံဆောက်လုပ်ရေး လုပ်ငန်းခွင်မှအပြန် ရိပ်သာတွင် အသင့်စောင့်နေသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ၂၀၀၈-၂၀၀၉ ခုနှစ် အခွန်နှင့် သာမန်ရငွေ ၂၇၄သိန်းကျော်ရရှိသဖြင့် လျာထားငွေထက် ပိုရသဖြင့် ၁၀၅ ဒသမ ၅၀ရာခိုင်နှုန်း အောင်မြင်ကြောင်း၊ မြို့မကတ္တရာလမ်း ၁မိုင် ၇ဖာလုံ၊ မြို့ပြတံတား နှစ်စင်း ဆောက် လုပ်နိုင်ကြောင်း၊ ကျေးလက်ကျောက်လမ်း ၂မိုင် ၃ဖာလုံ ခင်းနိုင်ကြောင်း၊ ကျေးလက်တံတား လေးစင်း ဆောက် လုပ်ပေးနိုင်ကြောင်း၊ ဇလပ်ကျွန်း၊ ပန်းဖဲ၊ ရေမျက်စ၊ လှေဝင်ချောင်း၊ ငရဲအိုး၊ ကုက္ကို၊ ဇိုင်ပင်တော၊ ကန်းတောက်နှင့် မောင်းမကန်၊ ရဲကျွန်းတောင်ကျေးရွာ ၁၀ရွာတို့တွင် ကျေးလက်ရေရရှိရေးအတွက် တွင်းတိမ်များ ရာနှုန်းပြည့်အောင်မြင်စွာ တူးဖော်ပေးနိုင်ခဲ့ပုံများ ရှင်းပြသည်။

ထူးခြား

မာန်အောင်မြို့သည် ဂနမ္ဗမြေနီတောင်၊ပုလဲငူတောင်၊ တောကြက်တောင်၊ နဂါးရွှေမီးတောင်၊ သံကျောက်တောင်တို့ ဝိုင်းရံထားပြီး သင်္ကြန်ကာလအတွင်း လူကြီးလူငယ်အားလုံး ရေမကစားဘဲ မြို့နယ်လုံးကျွတ် ဥပုသ်သီတင်းသီလ ဆောက်တည်ကာ သင်္ကြန်ပြီးသည်နှင့် နှစ်ဆန်း ၂ရက်မှ စတင်ကာ အပျို၊ လူပျိုနှစ်ရက်၊ အိမ်ထောင်သည် တစ်ရက်၊ ရေကစားကြသည့် ထူးခြားကောင်းမွန် ခင်မင်စရာ ကောင်းသည့် မြို့တစ်မြို့ ဖြစ်ကြောင်းသတင်းခရီးအဖြစ် မှတ်တမ်းတင်ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရေလုပ်ငန်းတွင်လည်း ငါး၊ ပုစွန် အဝယ်ဒိုင်များမှ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လအတွင်း ရေငန်ပုစွန် ပိဿာ ၅၄၀၊ ရေငန်ငါး ပိဿာ ၄၅၀၊ ကျောက်ပုစွန် ပိဿာ ၇၃၀၊ ဂဏန်း ၁၅၄ ပိဿာ၊ ငါးဆားနယ် ပိဿာ ၅၂၀၀၊ ငါးပိဿာ ၅၀၀၀ ထုတ်လုပ်နိုင်သဖြင့် ဒေသခံတို့၏ စီးပွားရေးမှာ အဆင်ပြေသည်။

ဒေသခံများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးမည့် မာန်အောင်မြို့နယ် ဆားချက်တိုက်နယ်ဆေးရုံ စတင်ဆောက်လုပ်နေသည့် မြင်ကွင်း....။ (မြန်မာ့အလင်း)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း တိုးချဲ့ဖောက်လုပ်မှုနှင့် လိန်းလီတံတားတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မေ ၅ရက်က ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ကိုးကွေ့ရွာရှိ နေပြည်တော် ပျဉ်းမနား-ပင်လောင်းလမ်းဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ရှမ်းပြည်နယ် အင်ဂျင်နီယာမှူးကြီးနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးတို့က နေပြည်တော် ပျဉ်းမနား-ပင်လောင်းလမ်း မိုင်တိုင် ၂၄မိုင် ၆ ဖာလုံမှ ၇၀မိုင်၂ဖာလုံအထိ လမ်းအရှည် စုစုပေါင်း ၄၅မိုင် ၄ဖာလုံ တိုးချဲ့ဖောက်လုပ်နေမှုအခြေအနေများနှင့် လမ်းပိုင်းအလိုက် အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



အမြန်ပြီးစီး

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က လမ်းပြင်ဆင်ထိန်းသိမ်းရာတွင် ကတ္တရာခင်းခြင်းနှင့် ကျောက်ခင်းခြင်းများကို တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ထားသော လမ်းစံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နေပြည်တော် ပျဉ်းမနား-ပင်လောင်းလမ်း မိုင်တိုင်အမှတ် ၂၅ မိုင်သို့ ရောက်ရှိပြီး လမ်းအခြေအနေများကို ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း မိုင်တိုင်အမှတ် ၂၇ မိုင် ၁ ဖာလုံသို့ရောက်ရှိပြီး လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လမ်းပုံစံကျအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း မိုင်တိုင်အမှတ် ၃၀ မိုင် ၇ဖာလုံသို့ရောက်ရှိပြီး စက်ယန္တရားများ အသုံးပြု၍ လမ်းဘေးဝဲယာ လမ်းပခုံးများ မြေညှိနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် လိန်းလီတံတား ချဉ်းကပ်လမ်း နေပြည်တော်ပျဉ်းမနားဘက်ခြမ်းသို့ ရောက်ရှိ၍ ချဉ်းကပ်လမ်း မြေသားလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရေထုတ်ပြွန် (Box Culvert) တည်ဆောက်ရန် ဆောင်ရွက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်လျက်ရှိသော လိန်းလီတံတားတည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး တံတားတည်ဆောက်နေမှုလုပ်ငန်းအခြေအနေများနှင့် တည်ဆောက်ပြီးစီးမှု လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၉)မှ အင်ဂျင်နီယာမှူးက တံတားတည်ဆောက်နေမှု၊ တံတားတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို တံတားပုံစံငယ်ဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် လိန်းလီတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လိန်းလီတံတား စီမံကိန်းရှိ ဆေးပေးခန်းကိုလည်းကောင်း၊ တံတားတည်ဆောက်မည့်ပစ္စည်းများ စုဆောင်းထားရှိမှု၊ တံတားဘိုးတိုင်တူးဖော်နေမှု၊ တံတားဘိုးတိုင် အင်္ဂတေလောင်းနေမှု၊ ပင်လောင်းဘက်ခြမ်းတံတား ချဉ်းကပ်ခုံ တည်ဆောက်ပြီးစီးမှုနှင့် တံတားကြိုးထိန်းခုံတည်ဆောက်ရန် လုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ဖယ်ခုံတပ်နယ်သို့ ရောက်ရှိပြီး အရာရှိ၊ စစ်သည်၊ တပ်နယ်မိသားစုဝင်များနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားပြီး ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။ **(သတင်းစဉ်)**

TMW Enterprise Ltd.မှ တင်သွင်းဖြန့်ဖြူးရောင်းချသော LG အမှတ်တံဆိပ် LCD TV, Air-con, Washer အီလက်ထရွန်နစ်ကုန်ပစ္စည်းသစ်များ မိတ်ဆက်ပွဲနှင့် Product များ၏ ထူးခြားသည့် အကြောင်းအရာများ နှီးနှောဖလှယ်ပွဲတွင် LG Electronics THAILAND မှ မန်နေဂျင်းဒါရိုက်တာ Mr. Howard Lee နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

LG Product များ မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၇

TMW Enterprise Ltd. မှ တင်သွင်းဖြန့်ဖြူးရောင်းချသော LG အမှတ်တံဆိပ် LCD TV, Air-con, Washer အီလက်ထရွန်နစ် ကုန်ပစ္စည်းသစ်များ မိတ်ဆက်ပွဲနှင့် Product များ၏ ထူးခြားသည့်အကြောင်းအရာများ နှီးနှောဖလှယ်ပွဲကို မေ ၅ရက် ညနေ ၆နာရီခွဲက ရန်ကုန်မြို့ Trader Hotel ၌ ကျင်းပသည်။

ကြည့်ရှုလေ့လာ

ရှေးဦးစွာ ကုမ္ပဏီမှ ခင်းကျင်းပြသထားသော ၂၀၀၉ခုနှစ်ထုတ် LG အမှတ်တံဆိပ် Product များဖြစ်သည့် LCD TV, Air-con, Washer ကုန်ပစ္စည်းသစ်များကို ရှင်းလင်းပြသပြီး အခမ်းအနား တက်ရောက်သူများက ကြည့်ရှုလေ့လာကြသည်။

အခမ်းအနားတွင် LG Electronics THAILAND မှ မန်နေဂျင်းဒါရိုက်တာ Mr. Howard Lee နှင့် TMW Enterprise Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဝေလွင်တို့က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် TMWမှ ဖြန့်ဖြူးရောင်းချသော LG အမှတ်တံဆိပ် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးနှင့် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုအာမခံချက်များနှင့် ဝယ်ယူရောင်းချသူအားလုံးအတွက် ကျေးဇူးတုံ့ပြန် မေတ္တာလက်ဆောင်များ ဆောင်ရွက်ထားရှိမှုကို TMW Enterprise Ltd. မှ Marketing မန်နေဂျာ ဦးဇော်မိုးက ရှင်းလင်းပြောကြားသည်။

LG LCD TV များတွင် ထွက်ရှိလာသော အလင်းတန်းရောင်ခြည်များသည် ကြည့်ရှုသူ၏ မျက်စိကို မထိခိုက်အောင် ကာကွယ်ပေးသော Eye Protective Function ပါဝင်ပြီး Power Energy Saving, Clear Voice, More Intelligent Picture Function များ ပါဝင်သဖြင့် ကျန်းမာရေးကို မထိခိုက်စေဘဲ ပုံရိပ်များကို ကြည်လင်ပြတ်သားစွာ တွေ့မြင် ခံစားနိုင်မည်ဖြစ်သည်။

ထို့ပြင် LG Air-con များတွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး သက်သောင့်သက်သာရှိစေသောကြောင့် လွယ်ကူစိတ်ချစွာ အသုံးပြုနိုင်ပြီး Virus ပိုးများ၊ Allergy ဖြစ်စေသောပိုးများ၊ ဆိုးရွားသောအနံ့အသက်နှင့် ဖုန်မှုန့်များကို စုပ်ယူဖယ်ရှားပေးခြင်း၊ Anti Bird Flu Function ပါဝင်သောကြောင့် တုပ်ကွေးဖြစ်စေသော Virus ပိုးများကို သန့်ရှင်းဖယ်ရှားနိုင်သောကြောင့် ကျန်းမာရေးကို များစွာ အထောက်အကူပြုစေသည်။

အထောက်အကူ

LG Washer များတွင် အဝတ်များကို လျင်မြန်စွာ သန့်ရှင်းစင်ကြယ်ခြောက်သွေ့စေသော Air dry Function လျှော်ကန်ကို အလိုအလျောက် သန့်ရှင်းဆေးကြောပေးပြီး ခြောက်သွေ့စေသော Auto Tub dry & Clear Function နှင့် ကလေးအဝတ်အစားများအတွက် ၉၅ ဒီဂရီစင်တီဂရိတ်အထိ အပူပေးပြီး လျှော်ဖွတ်ပေးသော Baby Care Function ပါဝင်ခြင်းကြောင့် ကျန်းမာရေးကို များစွာ အထောက်အကူ ပြုစေသည်။

ဆက်သွယ်ဝယ်ယူနိုင်

အဆိုပါ TMW Enterprise Ltd. ၏ LG အမှတ်တံဆိပ်ပစ္စည်းများဖြစ်သည့် LCD TV, Air -con, Washing Machines, Home Audio Portable Cassette, Mini Hifi Cassette, Home Theatre System, LCD TV နှင့်တွဲဖက်ကြည့်ရှုနိုင်သော DVD Player များ ဖုန်စုပ်စက်များကို အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲလိုပါက LG Showroom များနှင့် အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၇

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Mr. Ye Dabo** နှင့် အဖွဲ့သည် မေ၅ရက် ညနေ ၄နာရီက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်းနှင့် ရုံးအဖွဲ့မှူးဦးနေမျိုးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဖုန်ကန်ရာဇီက ရှာဖွေတွေ့ရှိသည့် မြန်မာ့ရှားပါးသစ်ခွများ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ လှူဒါန်း

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ ဖုန်ကန်ရာဇီ မြန်မာ့ရှားပါး သစ်ခွသုတေသန လေ့လာရေးအဖွဲ့က မြန်မာ့ရှားပါးသစ်ခွ မျိုးစိတ်ပေါင်း ၆၉မျိုး၊ အပင်ပေါင်း ၇၇ပင်ကို ပြင်ဦးလွင် အမျိုးသား ကန်တော်ကြီးဥယျာဉ်အတွက် မေ ၄ရက်က လှူဒါန်းခဲ့သည်။ **(ယာပုံ)**

ရှာဖွေခဲ့

မြန်မာနိုင်ငံ သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးစိုးဝင်း၊ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစောလွင်နှင့် စင်ကာပူနိုင်ငံ ရုက္ခဗေဒဥယျာဉ်မှ သစ်ခွပညာရှင် ဒေါက်တာဟူးဗတ်တို့ သုံးဦးပါဝင်သော ဖုန်ကန်ရာဇီသစ်ခွ သုတေသနအဖွဲ့သည် ၂၀၀၉ခုနှစ် မတ် ၁၇ရက်မှ ၂၇ရက်အထိ ပေပေါင်း ၁၁၀၀၀မြင့်သော ဖုန်ကန်ရာဇီ ရေခဲစပ်(Snow Line)အထိသွားရောက်ကာ မြန်မာ့ရှားပါးသစ်ခွများကို ရှာဖွေခဲ့ကြခြင်း ဖြစ်သည်။

ယခု လှူဒါန်းသည့် ရှားပါးသစ်ခွမျိုးစိတ်ပေါင်း ၆၉မျိုးအနက် ငါးမျိုးခန့်မှာ မြန်မာနိုင်ငံအတွက် သစ်ခွမှတ်တမ်းသစ်ဖြစ်နိုင်ခြေရှိလာနိုင်၍ စင်ကာပူရုက္ခဗေဒဥယျာဉ်နှင့် ဂျပန်နိုင်ငံ ဆူကူးဘားရုက္ခဗေဒဥယျာဉ်တို့မှ ပညာရှင်များနှင့် အသေးစိတ်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုရရှိလာသည့် သစ်ခွမျိုးစိတ်များထဲတွင် အပွင့်ပါအပင်များကို မျိုးခွဲရန်အဆင်ပြေ လွယ်ကူသော်လည်း အပွင့်မပွင့်သေးသောအပင်များကိုမူ အပွင့်ပွင့်ချိန်ကာလအထိ စောင့်ဆိုင်းကာ မျိုးခွဲခြားမှု ဆောင်ရွက်သွားရမည်ဖြစ်သည်။

လေ့လာနိုင်ရန်

ယခုရှာဖွေရရှိလာသည့် ရှားပါးသစ်ခွများမှာ အအေးပိုင်း သစ်ခွများဖြစ်၍ ရာသီဥတုခြင်း တူညီနိုင်သည့် ပြင်ဦးလွင် အမျိုးသား ကန်တော်ကြီးဥယျာဉ်တွင် ဆက်လက်ထိန်းသိမ်း မျိုးပွားနိုင်ရန်နှင့် သစ်ခွဝါသနာရှင်များနှင့် အများပြည်သူတို့ အလွယ်တကူ လေ့လာကြည့်ရှုနိုင်ရန် ယခုကဲ့သို့ လှူဒါန်းခြင်းဖြစ်ကြောင်းကို အဖွဲ့ကိုယ်စား မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း ဗဟိုအလုပ်အမှုဆောင် သစ်ခွပညာရှင် ဒေါက်တာစောလွင်က ရှင်းပြသည်။

မျိုးစိတ်များ

အဆိုပါသစ်ခွ သုတေသနလေ့လာရေးအဖွဲ့သည် လွန်ခဲ့သည့် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလကလည်း ကချင်ပြည်နယ် နောင်မွန်းဒေသတွင် ရှားပါးသစ်ခွများရှာဖွေစုဆောင်းခဲ့ရာ ရက်သတ္တနှစ်ပတ်အတွင်း မြန်မာ့ရှားပါးသစ်ခွမျိုးစိတ်ပေါင်း ၄၀ခန့်ရရှိခဲ့ကြသည်။

(၁၇၃)

ဥတုရာသီ တောက်ပိုမှိ၏

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ပိုလ်မှူးချုပ်သိန်းဇော် ရန်ကုန်နှင့် ဧရာဝတီတိုင်းအတွင်းရှိ ဆက်သွယ်ရေးစခန်းများ စစ်ဆေး

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ဖျာပုံမြို့အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ်စခန်း၌ အော်တိုအိတ်ချိန်းစက်ခန်း၊ CDMA - 450 (မိုဘိုင်းလ်စနစ်)စက်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

ရန်ကုန် မေ ၇

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ရန်ကုန်တိုင်း ကော့မှူးမြို့ အိတ်ချိန်းသို့ မေ ၃ရက်က သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံ အင်ဂျင်နီယာများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့ အော်တိုအိတ်ချိန်း၊ အော်တိုအိတ်ချိန်းသစ် အဆောက်အအုံနှင့် မိုက္ကရိုဝေ့ဗ် တာဝါတိုင်တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဧရာဝတီတိုင်း ဒေးဒရဲမြို့ အော်တိုအိတ်ချိန်းသစ်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် ဖျာပုံမြို့ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ်စခန်းသို့ရောက်ရှိပြီး အော်တိုအိတ်ချိန်းစက်ခန်း၊ CDMA - 450 (မိုဘိုင်းလ်စနစ်)စက်ခန်းများကို ကြည့်ရှုစစ်ဆေး၍ အဝေးဆက်သွယ်မှုနှင့် မိုဘိုင်းလ်စနစ်ဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ကျိုက်လတ်မြို့ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ်စခန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လမ်းများကို တစ်ရာသီခံ ပြုပြင်ခြင်းမျိုးမဟုတ်ဘဲ ရေရှည်ခံနိုင်အောင် ဆောင်ရွက်သွားကြ

နေပြည်တော် မေ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဧပြီ ၂၆ရက်က ရန်ကုန်-ပြည်-မကွေး-မန္တလေးလမ်းပေါ်ရှိ ဒေါင်းနေချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေး၊ သတ်မှတ်ကာလ ပြီးစီးရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည်မကွေးတိုင်း ပခုက္ကူမြို့နယ် မြစ်ခြေကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသော ချောင်းမကြီးတံတား တည်ဆောက်ရေး လုပ်ငန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်းပေး

ဧပြီ ၂၈ရက်တွင် ဂန့်ဂေါ-ကလေးလမ်း မိုင်တိုင်အမှတ်(၃၂/၁)ရှိ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၁) လမ်းစခန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ စစ်ကိုင်းတိုင်း အင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းနှင့် လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစောဝင်းနိုင်တို့က လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဂန့်ဂေါ-ကလေးလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လမ်းများကို တစ်ရာသီခံ ပြုပြင်ခြင်းမျိုးမဟုတ်ဘဲ ရေရှည်ခံနိုင်အောင် ဆောင်ရွက်သွားကြရန် မှာကြားကာလုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ကလေး-ကျီကုန်းလမ်းပေါ်ရှိ ဖောင်ကူးတံတားတည်ဆောက်ရေးလုပ်ငန်း၊ ကလေး-တမူးလမ်းပေါ်ရှိ တံတားများနှင့် လမ်းများအခြေအနေ၊ တမူးမြို့အဝင်ရှိတာဝတံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကလေး-ကျီကုန်းလမ်းပေါ်ရှိ ဖောင်ကူးတံတားတည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊
(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မီးသတ်ဦးစီးဌာန

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရွှေတောင် ဓမ္မရောင်ခြည်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ဓမ္မရောင်ခြည်စာကြည့်တိုက် စဉ်(၉၁)သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က လှူဒါန်းသော ငွေကျပ်သုံးသောင်းတန်ဖိုးရှိ ဓမ္မစာပေ စာအုပ်မျိုးစုံ အုပ်၂၀လှူဒါန်းပွဲကို ဧပြီ၁၀ရက် မွန်းလွဲပိုင်းက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် ခေတ္တညွှန်ကြားရေးမှူးချုပ်ကိုယ်စား မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်က ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် ရပ်မိရပ်ဖဦးစိုးတင့်တို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

မြင်းခြံ၌ ကတ္တရာထပ်ပိုးလွှာခင်း

မြင်းခြံမြို့တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် မိတ္ထီလာလမ်း(ခေါ်) အောင်ဆန်းလမ်းမကြီးကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တောင်သာသွားလမ်းဘက် မြင်းခြံမြို့အဝင်မှစ၍ ထပ်ပိုးလွှာကတ္တရာခင်းခြင်းလုပ်ငန်းကို မတ်လ နောက်ဆုံးပတ်မှစ၍ လမ်းပြုပြင်ဆောင်ရွက်နေသည်။ (၀၉၂)

ယင်းမာပင်၌ တတိယလေးလပတ် ထပ်ဆင့်ရှင်းလင်း

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သာယာအေးခန်းမ၌ မတ် ၂၆ရက် နံနက် ၁၀နာရီက စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တတိယလေးလပတ် ထပ်ဆင့်ရှင်းလင်းပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က တိုင်းလေးလပတ်မှ ညွှန်ကြားချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရေစီးရေလာကောင်းမွန်ရေး နမ့်ခမ်းစည်ပင်ဆောင်ရွက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦးတို့သည် ဧပြီ ၂၇ရက်က ပြည်ထောင်စုလမ်းဘေးတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် အရှည်ပေ ၄၅၀၊ အကျယ်၂ပေရှိ ကွန်ကရစ်ရေမြောင်း ဖောက်လုပ်ထားမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အရှည်ပေ၃၆၀၊ အကျယ် ၁၂ပေရှိ ဂေါက်ကွင်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်းကိုလည်း ကြပ်မတ်ဆောင်ရွက်ခဲ့သည်။ (၁၂၃)

ကန့်ဘလူ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံပန္နက်တင်

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံ ပန္နက်တင်မင်္ဂလာ အခမ်းအနားကို မတ် ၂၅ရက် နံနက်က ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက် ကန့်ဘလူ၊ စပါယ်နွံသာလမ်း (တပင်ရွှေထီးလမ်း)၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်ဦးနှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ (၀၂၇)

ဝိုင်းမော်မြို့ အမှတ်(၅)လမ်း ကတ္တရာလမ်းခင်းဆောင်ရွက်

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော အမှတ်(၅)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးသန်းထွန်းဝင်း ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၆ရက်က အမှုဆောင်အရာရှိ ဦးငွေးလွင်စိုးက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ဆေးတက္ကသိုလ်ကျောင်းသားများ မိုးကောင်း၌လေ့လာ

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်မောင်ထွန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့်ဝန်ထမ်းများ လိုက်ပါကူညီပံ့ပိုးမှုဖြင့် မန္တလေး ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(က)မှ ကျောင်းသား ကျောင်းသူများသည် မတ် ၂၃ရက်မှ ၃၀ရက်အထိ မိုးကောင်းမြို့ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် လူမှု၊ စီးပွားရေးနှင့် ကျန်းမာရေးအခြေအနေများ၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ တိုက်နယ်ပြည်သူ့ဆေးရုံနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲများ၊ မြို့မဈေးနှင့် စူပါစတား သောက်ရေသန့်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (၀၀၁)

ကာမိုင်း၌ လမ်းဘေးဝဲယာ ပေါင်းမြက်ရှင်းလင်း

ကာမိုင်းမြို့ မြို့တွင်းသာယာလှပရေးအတွက် လမ်းဘေးဝဲယာရှိ ချုံနွယ်များနှင့် လမ်းပလက်ဖောင်းအတွင်း ပေါင်းမြက်များကို ရုံးအဖွဲ့ဝန်ထမ်းများဖြင့် ဧပြီ ၂၆ရက်က ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်ရာသို့ မြို့တာဝန်ခံ(ဦးစီးအရာရှိ)ဦးမိုးလွင် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အရန်မီးသတ်အကြပ်ကြီး ယာဉ်မောင်းသင်တန်း မိုးကောင်း၌ဖွင့်

မိုးကောင်း မေ ၇

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မီးဘေးတားဆီးရေးကြီးကြပ်မှုကော်မတီနှင့် မြို့နယ်အရန်မီးသတ်တပ်ရင်းတို့က ကြီးမှူး၍ အရန်မီးသတ်အကြပ်ကြီးယာဉ်မောင်းနှင့် စစ်အခြေခံမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၉)ဖွင့်ပွဲကို ဧပြီ ၂၄ရက် မွန်းလွဲ ၁နာရီခွဲက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မဏ္ဍပ်သကခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန် တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ (၀၀၁)

ကလေးဝမြို့နယ်၌ အခြေခံမီးသတ် သင်တန်းဆင်း

ကလေးဝ မေ ၇

ကလေးဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းက ကြီးမှူးဖွင့်လှစ်သော အကြိုအခြေခံမီးသတ်သင်တန်း သင်တန်းဆင်းပွဲကို ဧပြီ၂ရက်က မထုကျေးရွာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဗျက်ဇမားတို့က အမှာစကားပြောကြားကြားပြီး မတ် ၂၄ရက်မှ ဧပြီ ၂ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ မထုအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ လေ့ကျင့်သင်ကြားပေးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

✻ *ကျောဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပူတာအိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပူတာအိုခရိုင်၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆင့်မြှင့်တင်

ထို့နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြစ်ကြီးနား-ပူတာအိုလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ပူတာအို၌ ကုန်ဈေးနှုန်းတည်ငြိမ်လာမှုနှင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနေမှုအခြေအနေ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ပူတာအို)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို) ဖွင့်လှစ်နိုင်မှုနှင့် သင်ကြားပေးမည့် ဘာသာရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားသည်။

ကျောင်းဝတ်စုံများပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပူတာအိုမြို့နယ်၊ မချမ်းဘောမြို့နယ်နှင့် နောင်မွန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းများနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများသို့ ကွန်ပျူတာနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က ပန်နန်းဒင်မြို့နယ်အတွက် ရုပ်မြင်သံကြားပြစက်၊ ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်များအတွက် ဆေးဝါးပစ္စည်းများ၊ စာအုပ်စာစောင်များ၊ အိမ်သုံးဆားများ၊ လူမှုရေးအသင်းအဖွဲ့များအတွက် ဝတ်စုံများ၊ အားကစားပစ္စည်းများ၊ ဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းက ဇီဝဘက်ထရီဖြင့် မီးထွန်းနိုင်မှုနှင့် ဇီဝဘက်ထရီပြုလုပ်နည်းတို့ကို တက်ရောက်လာကြသူများအား ရှင်းလင်းပြသသည်။

ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသရှိ ပစ္စည်းများဖြင့် လွယ်ကူစွာပြုလုပ်ပြီး ဇီဝဘက်ထရီ အသုံးပြု၍ လျှပ်စစ်မီးထွန်းနိုင်မှုကို ပြောကြားကာ အိမ်တိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုရေး စီမံဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ပူတာအိုလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ပူတာအိုခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများအား ဇီဝဘက်ထရီ အသုံးပြု၍ လျှပ်စစ်မီးထွန်းနိုင်ရေး စီမံဆောင်ရွက်ပေးရန် မှာကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် လေဆိပ်ဧည့်ခန်းမဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပူတာအိုလေယာဉ်ကွင်း၏ နောက်ခံသမိုင်း၊ လေယာဉ်ပြေးလမ်းဆိုင်ရာ အချက်အလက်များ၊ လေယာဉ်ပြေးလမ်းကို ပေ(၇၀၀၀×၁၀၀) မှ ပေ(၈၅၀၀×၁၀၀)သို့ တိုးချဲ့သွားမည့် အခြေအနေ၊ လေယာဉ်ပြေးလမ်းမျက်နှာပြင်ညှိလွှာတင်ခြင်းနှင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာတို့ကို အပိုင်းများခွဲ၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

မြစ်ကြီးနားမြို့သို့ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုလေဆိပ်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ မြစ်ကြီးနားမြို့သို့ နံနက်၁၁နာရီတွင် ရောက်ရှိကြသည်။

တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်း

တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းသည် တာပိန်မြစ်၏ ရေအရင်းအမြစ်ကို အသုံးပြု၍ တည်ဆောက်လျက်ရှိရာ တမံအမျိုးအစား ကွန်ကရစ်ရေထိန်းတမံ၊ အလျား ၆၇၂ ပေ၊ တမံအမြင့် ၁၅၁ပေ၊ ရေဆင်းဧရိယာ ၂၄၀၀ စတုရန်းမိုင်၊ ရေအားအမြင့်ပေ ၂၅၀၊ တပ်ဆင်စက်အင်အား ၂၄၀ မဂ္ဂါဝပ်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက တစ်နှစ်လျှင် ပျမ်းမျှ ၁၀၆၅ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည်ဖြစ်။

မိုးမောက်မြို့နယ်ရှိ တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ နမ်ပေါင်လေဆိပ်မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ကံလုံခကျေးရွာအနီး၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ကချင်ပြည်နယ်အတွင်း ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်နေမှု၊ တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်း ဖြစ်ပေါ်လာပုံ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ချီဖွေမြို့အနီး တည်ဆောက်လျက်ရှိသည့် ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က သိလိုသည်များကိုမေးမြန်းပြီး လိုအပ်သည်များကို မှာကြားသည်။

သစ်သီးခြင်းပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းကို ပူးပေါင်းတာဝန်ယူ တည်ဆောက်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang (Yunnan) United Hydropower Developing Co., Ltd. (DUHD) မှ ပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စီမံကိန်းရှုရပ်မှ ပင်မတမံကွန်ကရစ်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရေယူအဆောက်အအုံများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထုတ်လုပ်နိုင်

တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းသည် တာပိန်မြစ်၏ ရေအရင်းအမြစ်ကို အသုံးပြု၍ တည်ဆောက်လျက်ရှိရာ တမံအမျိုးအစား ကွန်ကရစ်ရေထိန်းတမံ၊ အလျား ၆၇၂ပေ၊ တမံအမြင့် ၁၅၁ပေ၊ ရေဆင်းဧရိယာ ၂၄၀၀စတုရန်းမိုင်၊ ရေအားအမြင့်ပေ ၂၅၀၊ တပ်ဆင်စက်အင်အား ၂၄၀မဂ္ဂါဝပ်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက တစ်နှစ်လျှင် ပျမ်းမျှ ၁၀၆၅ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆင်ဘိုမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးဝါးပစ္စည်းများနှင့် ဆေးပဒေသာပင်အလှူငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး ဗန်းမော်မြို့သို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ဗန်းမော်ခရိုင်၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဗန်းမော်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ ပြုပြင်ရန်အတွက် ပညာရေးရန်ပုံငွေကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဗန်းမော်ခရိုင်အတွင်းရှိ မြို့နယ်များအတွက် ရုပ်မြင်သံကြားဖမ်းစက်များ၊ စာအုပ်စာစောင်များ၊ လူမှုရေးအသင်းအဖွဲ့များအတွက် ဝတ်စုံများ၊ အဝတ်အထည်များ၊ ဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များ၊ အားကစားပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်လေဆိပ်မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး ဆင်ဘိုမြို့သို့ရောက်ရှိကြရာ ဆင်ဘိုတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး စိုးကျော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆင်ဘိုမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာဝန်၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ဒေသ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းက ဇီဝဘက်ထရီဖြင့် မီးထွန်းနိုင်မှုနှင့် ဇီဝဘက်ထရီပြုလုပ်နည်းတို့ကို ရှင်းလင်းပြသသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်ကျစရိတ်သက်သာသော ဇီဝဘက်ထရီကို အသုံးပြု၍ လျှပ်စစ်မီး ထွန်းနိုင်မှုကို ကျေးလက်ဒေသနေပြည်သူများ သိရှိပြီး အိမ်တိုင်း၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

လက်ခံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆင်ဘိုမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးဝါးပစ္စည်းများနှင့် ဆေးပဒေသာပင် အလှူငွေများကိုပေးအပ်ရာ ဆင်ဘိုမြို့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာကောင်းမြတ်စံက လက်ခံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ခေါက်ဆွဲခြောက်ထုပ်များ၊ ရုပ်မြင်သံကြားဖမ်းစက်နှင့် အဝတ်အထည်များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

ဝီရိယထားကြိုးပမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပူတာအိုခရိုင်နှင့်ဗန်းမော်ခရိုင်တို့၌ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာတွင် ကချင်ပြည်နယ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိ၍ လုံခြုံရေး၊ နှစ်နိုင်ငံဆက်ဆံရေး၊ ကူးသန်းရောင်းဝယ်ရေးတို့တွင် အရေးပါသည့် ဒေသဖြစ်ကြောင်း၊ ပဏာမပြောကြားပြီး ယခင်က နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် ကချင်ပြည်နယ်အတွင်းတွင်လည်း တိုင်းရင်းသားအချင်းချင်း သံသယစိတ်များ ဝင်ရောက်ပြီး လက်နက်ကိုင် တိုက်ခိုက်ခဲ့ကြ၍ လုံခြုံမှုမရှိဖြစ်ခဲ့သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့်အခြေအနေ၊ ယခုအခါ ကချင်ပြည်နယ်သည် လုံခြုံမှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုများရှိသဖြင့် နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို စီမံချက်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကလိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့၍ ယခုအခါ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေ၊ သို့ဖြစ်၍ လုံခြုံအေးချမ်းပြီး တရားဥပဒေစိုးမိုးရေးကို သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်ရမည့် အခြေအနေ၊ တိုင်းရင်းသားများ စုပေါင်းနေထိုင်သည့် ကချင်ပြည်နယ်သည် ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားရမည့် အခြေအနေ၊ နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံကောင်းများကို ဖန်တီးဆောင်ရွက်ပေးထားပြီးဖြစ်၍ ယင်းအခြေခံကောင်းများအပေါ် အခြေခံပြီး ဒေသနေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တစ်ဦးချင်း အလုပ်ကို ဝီရိယထား ကြိုးပမ်းဆောင်ရွက်သွားရမည့်အခြေအနေများကို အသေးစိတ် ရှင်းလင်းမှာကြားသည်။ **(သတင်းစဉ်)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗန်းမော်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ ပြုပြင်ရန်အတွက် ပညာရေးရန်ပုံငွေ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိသည်။

အောက်ဖော်ပြပါ ဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများ ဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေး အာမခံချက်မရှိကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ
၁။	Betnovate C Skin Cream (Betamethasone Valerate IP 0.12 % w/w,Neomycin Sulphate IP 0.5 % w/w,Chlorocresol IP 0.1 % w/w)	Glaxo Smith Kline P'cals Ltd, India.
၂။	Triamcinolone Acetonide Acetate Injection	Zhejiang Xianjui P'cal Co.,Ltd.
၃။	Analgin Injection 0.5 mg.	Luohe Fanghui P'cal Co.,Ltd.
၄။	Pekquine Injection (Chloroquine Phosphate 325.5 mg eq.to base 200 mg, Lignocaine HCl 50 mg/5cc)	Liwinner P'cal Ltd Partnership, Thailand.
၅။	Disento Tablet (Diodohydroxyquin 250 mg,Furazolidone Sulfate 50 mg, Light Kaolin 250 mg)	Nakorn Patana Pharm Co., Ltd, Thailand.

အများပြည်သူတို့အနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကဆုန်ညောင်ရေသွန်းပွဲတော်

သာရဝေါစိုးကြည်

ကဆုန်လသည် ပူပြင်းခြောက်သွေ့သော်လည်း ပြည်ညောင်ညိုပင်ကြီးများသည် အခက်အလက်အရွက်များဖြင့် စည်ပင်ဝေဆာနေ၍ အေးရိပ်ပေးနေကြသည်။ ကျေးငှက်များကလည်း နားခိုရင်း ဘာသာဘာဝ မာဂဓာနော၍ နေကြသည်။ ကျေးလက်တောရွာများ၏ ရွာဦးရွာထိပ်များတွင် ညောင်ပင်ကြီးများသည် ရွာ့ကျက်သရေအဖြစ် ထီးထီးမားမားရပ်တည်လျက်ရှိတတ်ကြသည်။ ခရီးသွားပြည်သူများအား နားခိုရန်အေးရိပ်ပေးလျက်ရှိသည်။

ကဆုန်လဆန်းပိုင်းသည် ပူပြင်းသော်လည်း လနှောင်းပိုင်းသို့ရောက်ရှိသောအခါ မိုးသေးမိုးဖွားများသာမက မိုးကြီးတစ်ဖြိုက်နှစ်ဖြိုက်သွန်းတတ်သည်။ **“ကဆုန်အတွင်း မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့”**ဟု ရှေးမြန်မာကြီးများကဆိုထုံးပြုခဲ့သည်။ မိုးရေဖျန်းထားသဖြင့် ထွက်ပေါ်လာသော မြေသင်းနံ့သည် မွှေးနံ့တစ်မျိုးဟုဆိုရပါမည်။ မြို့ကြီးပြကြီးများတွင်ရောက်ရှိနေကြသောသူများသည် မြေသင်းနံ့ကြောင့် တောရပ်ဌာနေမွေးရပ်မြေကိုလွမ်းမောတမ်းတသတိရကြသည်။ ရွာမှကဆုန်ညောင်ရေသွန်းပွဲတော်ကိုလည်း အမှတ်တရဖြစ်ကြရသည်။

ကဆုန်လကို မြန်မာစာ၊ မြန်မာမှု၊ မြန်မာ့ယဉ်ကျေးမှုအရ ပြိဿရာသီဟုခေါ်သည်။ ထိုလတွင် စန်းပြည့်နက္ခတ်ဖြစ်သော ဝိသာခါနက္ခတ်သည် လမင်းနှင့် ယှဉ်ပြိုင်ထွန်းလင်း၍နေသည်။ တံငါတာရာကလည်း တောက်ပနေသည်။ ရာသီအမှတ်အသားရုပ်သည် နွားထီးရုပ်ဖြစ်သည်။ အချိန်မှန်မှန်ပွင့်သောရာသီပန်းသည် စံကားပန်းဖြစ်၍ ရာသီပွဲတော်သည် ကဆုန်ညောင်ရေသွန်းပွဲတော်ဖြစ်သည်။

မြန်မာတို့သည် ကဆုန်လပြည့်နေ့ကို နေ့ထူးနေ့မြတ်အဖြစ်မှတ်ယူကြသည်။ မဟာကရုဏာရှင်မြတ်ဗုဒ္ဓ၊ ဗျာဒိတ်တော်ရရှိခဲ့သောနေ့၊ ဖွားမြင်သောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ နိဗ္ဗာန်စံဝင်သောနေ့၊ မဟာဗောဓိပင်ပေါက်သောနေ့များသည် ကဆုန်လပြည့်နေ့များပင်ဖြစ်သည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်စွာဘုရားထံတော်မှ ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်ဟု နိယျတ ဗျာဒိတ်တော်ကိုရရှိခဲ့သည်။

ဤကမ္ဘာမှပြန်လည်ရေတွက်သော် လွန်ခဲ့သောလေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလဝယ် ဒီပင်္ကရာဘုရား ပွင့်တော်မူခဲ့သည်။ ထိုအချိန်တွင် အမရဝတီနေပြည်တော်မှ ဘုရားလောင်းတော် သုမေဓာသည် ရှင်ရသေ့အဖြစ် ရောက်ရှိနေခိုက်ဖြစ်သည်။ သုမေဓာရှင်ရသေ့သည် သမာပတ်ရှစ်ပါး (လောကီဈာန်ရှစ်ပါး)နှင့် အဘိညာဉ်ငါးပါးတို့ကိုရရှိတော်မူသောရသေ့မြတ်ဖြစ်သည်။

ဒီပင်္ကရာမြတ်စွာဘုရားသည် ရဟန္တာပေါင်း လေးသောင်းခြံရံလျက် ဒေသစာရီ ကြွချီတော်မူခဲ့ရာ ရမ္မာဝတီပြည် သုဒဿနကျောင်းတော်ကြီးသို့ ရောက်ရှိပြီးသီတင်းသုံးတော်မူသည်။ နောက်တစ်နေ့တွင် ရမ္မာဝတီပြည်သူပြည်သားတို့သည် “အသဒိသမဟာဒါနကြီး” ပြုရန်စီစဉ်ကြသည်။ မဏ္ဍပ်ကန္နားထိုးခြင်း၊ ကြာညိုပန်းတို့ကြဲဖျန်းခြင်း၊ လမ်းခရီး ရွှံ့ဗွက်အိုင်များကို မြေဖို့ခြင်း၊ လမ်းကို ပြေပြစ်အောင်ညှိခြင်း စသည်တို့ကို လုပ်ဆောင်ကြသည်။

ထိုအခါ သုမေဓာရှင်ရသေ့သည် ကျောင်းသင်္ခမ်းမှ ကောင်းကင်သို့ ပျံတက်၍ ရမ္မာဝတီနေပြည်တော်သို့ ကြွချီ၍လာသည်။ မြို့သူမြို့သားတို့ လုပ်အားဒါနပြုနေခြင်းကို မြင်တွေ့သည်။ မြို့တော်အတွင်းသို့ ဆင်းသက်၍ စုံစမ်းမေးမြန်းသည်။ ဒီပင်္ကရာမြတ်စွာဘုရား ကြွချီတော်မူမည်ဖြစ်၍ လုပ်အားဒါနများပြုနေခြင်းကို သိရှိရသည်။

သုမေဓာရှင်ရသေ့က လုပ်အားဒါနပြုလိုသဖြင့် တစ်နေရာပေးပါရန်တောင်းခံခဲ့သည်။ ရှင်ရသေ့အား ခက်ခဲပင်ပန်းစွာ မြေဖို့ပြုပြင်ရမည့်ရွှံ့ဗွက်အိုင်ကြီးကို ပေးခဲ့သည်။ ရှင်ရသေ့တန်ခိုးအစွမ်းဖြင့် လမ်းပြုပြင်နိုင်သော်လည်း ကိုယ်တိုင်ကိုယ်ကျလုပ်အားဒါနပြုလိုသဖြင့် ကာယစွမ်းအားဖြင့် လမ်းပြုပြင်သည်။

ဒီပင်္ကရာဘုရားသည် နောက်ပါရဟန္တာ လေးသောင်းနှင့် ကြွချီတော်မူလာသောအခါ သုမေဓာရှင်ရသေ့သည် လမ်းပြုပြင်ခြင်း မပြီးစီးဘဲရှိနေသည်။ သို့အတွက် ရှင်ရသေ့သည် ညွှန်ပျောက်ထက်ဝယ် အလျားမှောက်ဝပ်တော်မူသည်။ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရှိအောင် ကြိုးစားအားထုတ်ရန် စိတ်ရည်သန်၍နေတော်မူသည်။

ဒီပင်္ကရာမြတ်စွာဘုရားသည် “ထက်မြက်သောအကျင့်နှင့် ပြည့်စုံသောဤရသေ့သည် ဤကမ္ဘာမှ မရေမတွက်နိုင်အောင် များမြောင်သောကမ္ဘာ (လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း)ထက်၌ ဘုရားစင်စစ် ဧကန်ဖြစ်ပေလိမ့်မည်”ဟု ဗျာဒိတ်စကား ကြားတော်မူခဲ့သည်။ ဒီပင်္ကရာ မြတ်စွာဘုရားက သုမေဓာရှင်ရသေ့အား ဗျာဒိတ်ပေးခဲ့သော နေ့သည် ကဆုန်လပြည့်နေ့ပင်ဖြစ်သည်။

မဟာသက္ကရာဇ် ၆၈ခုနှစ် ကဆုန်လပြည့်နေ့တွင် ကပိလဝတ်နှင့် ဒေဝဒဟပြည်အကြားရှိ လုမ္ဗိနီသာမောအင်ကြင်းတောတွင် သုဒ္ဓေါဒနမင်းကြီး၏ ရှုမငြီးသော ဇနီးကြင်ရာတော် သီရိမဟာမာယာဒေဝီ၏ ဝမ်းကြာတိုက်မှ ဘုရားအလောင်းတော်ကို မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့သည်။

ထိုကဆုန်လပြည့်နေ့တွင်ပင် ဖွားဖက်တော်များဖြစ်သော ကာဠုဒါယီအမတ်၊ ယသော်ဓရာ၊ အာနန္ဒာမင်းသား၊ ဆန္နအမတ်၊ ကဏ္ဍကစီးတော်မြင်း၊ ရွှေအိုးကြီးလေးလုံး၊ မဟာဗောဓိပင်တို့လည်း တစ်နေ့တည်း တစ်ချိန်တည်းတွင် မွေးဖွားပေါက်ရောက်ခဲ့ခြင်းဖြစ်သည်။

သိဒ္ဓတ္ထမင်းသားဘုရားလောင်းသည် မဟာသက္ကရာဇ် ၁၀၃ခုနှစ် ကဆုန်လပြည့်နေ့တွင် သစ္စာလေးပါးကိုသိမြင်၍ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၄၈ခုနှစ် ကဆုန်လပြည့်နေ့၌ ဝါတော် ၄၅ဝါ၊ သက်တော် ၈၀တွင် သုံးလူ့ထွတ်ထား မြတ်ဘုရားသည် နယ်မာလာတိုင်း ကုသိနာရုံရှိ အင်ကြင်းတောရိပ်သာဝယ် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။

မုနိထွတ်ထားမြတ်ဘုရားသည် ဗောဓိ(ညောင်)ပင်တွင် တည်မှီ၍ ပွင့်တော်မူခဲ့ခြင်းဖြစ်သည်။ သို့အတွက် မြန်မာတို့သည် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကို ကျင်းပခြင်းဖြစ်သည်။

ကာလဒေသအခြေအနေအရလည်းကောင်း၊ ရာသီဥတုအရလည်းကောင်း၊ ရုက္ခဗေဒအရလည်းကောင်း ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းလောင်းခြင်းသည် ဆီလျော်မှန်မြတ်သော ဘာသာယဉ်ကျေးမှု လုပ်ရပ်ပင်ဖြစ်သည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးအတွက် ဘာသာယဉ်ကျေးမှုတစ်ရပ်ဖြစ်သော ကဆုန်ညောင်ရေသွန်းပွဲတော်ကို ရိုးရာအစဉ်အလာမပျက် ကျင်းပသွားကြရန်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

မြန်မာတို့သည် ကဆုန်လပြည့်နေ့ကို နေ့ထူးနေ့မြတ်အဖြစ်မှတ်ယူကြသည်။ မဟာကရုဏာရှင်မြတ်ဗုဒ္ဓ၊ ဗျာဒိတ်တော်ရရှိခဲ့သောနေ့၊ ဖွားမြင်သောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ နိဗ္ဗာန်စံဝင်သောနေ့၊ မဟာဗောဓိပင်ပေါက်သောနေ့များသည် ကဆုန်လပြည့်နေ့များပင်ဖြစ်။

မြတ်ဗုဒ္ဓအခါတော်နေ့

* ဒီပင်္ကရာ၊ မြတ်ဗုဒ္ဓါ၏
ချီသာလှစ်ကျူး၊ ဗျာဒိတ်ထူးကို
ဆွတ်ခူးခိုလှုံ၊ အံ့ဖွယ်ကြုံသည်
ကဆုန်လပြည့်နေ့ပါတည်း။

* မယ်တော်မာယာ၊ မိမာတာမှ
သာကီနွယ်လှ၊ သိဒ္ဓတ္ထကို
ထွန်းပမီးရှူး၊ သန့်စင်ထူးသည်
ရှင်မြူးကဆုန်၊ လပြည့်ကြုံ၏။

* ဗောဓိပင်ခြေ၊ ပလ္လင်ဗွေထက်
ဖွဲ့ခွေထိုင်စဉ်၊ ဉာဏ်လမ်းဝင်လျက်
သဗ္ဗညုတ၊ ဉာဏ်တော်ရကာ
ဗုဒ္ဓစင်စစ်၊ ဧကန်ဖြစ်သည်
ပေါ်သစ်ကဆုန်၊ လပြည့်ကြုံ၏။

* ကုသိနာရုံ၊ ပန်းမျိုးစုံသည့်
ရဂုံသာမော၊ အင်ကြင်းတောဝယ်
မြတ်စောထိပ်တင်၊ နိဗ္ဗာန်ဝင်သည်
ဖြစ်စဉ်ကဆုန်၊ လပြည့်ကြုံ၏။

* ကဆုန်လပြည့်၊ ဗုဒ္ဓနေ့ဝယ်
ပျော်မွေ့ကြည်ဖြူ၊ မြန်ပြည်သူတို့
ဆုယူဆုတောင်း၊ ညောင်ရေလောင်းသည်
ကောင်းကျိုးချမ်းသာ ပြည့်စေသော်။ ။

(သန်းထွန်းညို)

ဗန်ကောက်အပြည်ပြည်ဆိုင်ရာ သားရေပြပွဲသို့ မြန်မာနိုင်ငံအား တက်ရောက်ရန် ဖိတ်ကြား

ရန်ကုန် မေ ၇

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဩဂုတ် ၁၃ရက်မှ ၁၆ရက်အထိ ကျင်းပမည့် ASEAN Fashion Plus Fair and Bangkok International Fashion Fair and Bangkok International Leather Fair 2009 (BIFF & BIL 2009)သို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ပြသရန် ဖိတ်ကြားထားရာ အာဆီယံနိုင်ငံများမှ အဝတ်အထည်၊ ဖက်ရှင်ဒီဇိုင်းနှင့် စပ်လျဉ်း၍ ပိတ်စ၊ အဝတ်အထည်များ၊ အလှကုန်ပစ္စည်း၊ လက်ဝတ်ရတနာစသည့် ကုန်ကြမ်းပစ္စည်းများအပြင် အဝတ်အထည်၊ ကုန်ချောပစ္စည်းအထိ ပါဝင်ပြသနိုင်သည်။

ထို့အပြင် ပြပွဲကာလအတွင်း ဖက်ရှင်ပြပွဲများ၊ ဆွေးနွေးပွဲများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် တွေ့ဆုံဆွေးနွေးပွဲများလည်း ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါပြပွဲများသို့ ပါဝင်တက်ရောက်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များသည် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဖုန်း-၂၁၄၃၄၄ မှ ၄၉ အထိ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြက်နှင့်ကြက်ထွက်ပစ္စည်းများ ဈေးကွက်စီးဆင်းမှု စစ်တမ်းကောက်ယူရေး ရှင်းလင်းဆွေးနွေး

ကလေး မေ ၇

ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)နှင့် မွေးမြူရေးဦးစီးဌာနတို့ ပူးပေါင်းလျက်ရှိသော Myanmar Livestock Resource Department Tearn၏ နယ်စပ်ဒေသများတွင် အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့မှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း တိုးမြှင့်ခြင်း စီမံချက်အရ ကြက်နှင့်ကြက်ထွက်ပစ္စည်းများ၏ ဈေးကွက်စီးဆင်းမှု စစ်တမ်းကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို မေ ၂၉ရက်က ကလေးမြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနခရိုင်ရုံး၌ ကျင်းပသည်။

တက်ရောက်ဆွေးနွေး

အခမ်းအနားတွင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာခင်လှိုင်၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝါဝါဟန်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ပါမောက္ခ ဒေါက်တာသန်းကျော်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကလေးခရိုင် ဦးစီးမှူး ဒေါက်တာမိုးမိုးခိုင်၊ ကလေးခရိုင် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာအေးလျှန်ဇနန်၊ ရန်ကုန် စည်ပင်သာယာရေးကော်မတီမှ ဒေါက်တာအိသန္တာကျော်၊ ဒေါ်နန်းဆွယ်ယောင်အင်း (စိုက်ပျိုးရေး)၊ ဒေါ်ဖြူစင်မောင်(မေခကုမ္ပဏီ) တို့က ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းနှင့် ကြက်နှင့်ကြက်ထွက်ပစ္စည်းများ၏ ဈေးကွက်စီးဆင်းမှုဆိုင်ရာလုပ်ငန်းများ အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လူတုပ်ကွေးရောဂါ အသိပေးရှင်းလင်း

တောင်ကြီး မေ ၇

ကမ္ဘာ့လူတုပ်ကွေးရောဂါအခြေအနေ အသိပေးရှင်းလင်းခြင်း အခမ်းအနားကို မေ ၅ရက် မွန်းလွဲ ၂နာရီက တောင်ကြီးမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားသို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဌာနခွဲများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများမှ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ခေတ္တပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇေယျက ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်များကို အသိပေးပြောကြားပြီး ဒေသဆိုင်ရာ ပိုလီယိုပပျောက်ရေးဆရာဝန် ဒေါက်တာကျော်စွာမျိုးက ကမ္ဘာ့လူတုပ်ကွေးရောဂါ အခြေအနေနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်း အစီအစဉ်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

(တောင်ကြီးကိုယ်ပွား)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်နေ့(ဥပုသ်နေ့)
၈-၅-၂၀၀၉ ရက်(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၂။ နံနက်ခင်းသတင်း
၇း၄၀	၄။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဟောကြားတော်မူသော “ကဆုန်လပြည့်ဗုဒ္ဓနေ့” တရားတော်
၈း၀၀	၄။ ဓမ္မပူဇာတေးအစီအစဉ်
၈း၂၀	၅။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၈း၃၀	၆။ International News
၈း၄၅	၇။ တေးဂီတအစီအစဉ်
၉း၀၀	၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၅	၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၃၅	၄။ ဓမ္မပူဇာတေးအစီအစဉ်
၄း၅၀	၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရသစာပေ အရေးအသားအထူးပြု) (ရသစာပေအရေးအသား)
၅း၀၀	၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀	၇။ မြန်မာစာမြန်မာစကား
၅း၂၀	၈။ တေးဂီတအစီအစဉ်
၅း၃၀	၉။ ကမ္ဘာ့ကြက်ခြေနီနေ့တေးများ
၅း၄၀	၁၀။ ကဆုန်လပြည့်နေ့တေးများ
၅း၅၀	၁၁။ ကုသိုလ်ပန်းဝေသွန်းညောင်ရေ
၆း၀၀	၁၂။ ညနေခင်းသတင်း
၆း၃၀	၁၃။ မိုးလေဝသအခြေအနေ
၆း၃၅	၁၄။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၁၀	၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာရင်ခွင်**(အပိုင်း-၈)
၈း၀၀	၁၆။ ပြည်တွင်းသတင်း
	၁၇။ နိုင်ငံတကာသတင်းများ
	၁၈။ မိုးလေဝသအခြေအနေ
	၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ**(အပိုင်း-၂၁)
	၂၀။ သီချင်းချစ်သူ
	၂၁။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ကဆုန်လပြည့်ဗုဒ္ဓနေ့တရားတော် (သံဝေဇနိယ လေးဌာန) (ဖွား၊ ပွင့်၊ ဟော၊ စံ)
	၂၂။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
	၂၃။ အစီအစဉ်ပြီး၏။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ခုနှစ် မေလအတွက်

(၁၀-၅-၂၀၀၉)ရက်နေ့

နှင့်

(၃၁-၅-၂၀၀၉)ရက်နေ့

နွေစပါး ရိတ်သိမ်းခြွေလှေ့မှု ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ၌ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် နွေစပါး ရိတ်သိမ်းခြွေလှေ့နေသည်ကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ

ရန်ကုန်မြို့ မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် မေ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ယမန်နေ့ နံနက်ဂုနာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ခေတ်မီစက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန်(၂) အကွက်အမှတ်(၂)ရှိ ရွှေနဂါးမင်းကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

အမှာစကားပြောကြား

ထို့နောက်ရှင်းလင်းဆောင်၌ ရန်ကုန်မြို့ မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးစီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီအစည်းအဝေးကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်မြို့ မိုင်(၃၀) ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးစီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဇုန်နယ်မြေအလိုက်တာဝန်ရှိသူများက မိမိတို့ ဇုန်နယ်မြေအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်မြို့ မိုင်(၃၀) ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးက ရန်ကုန်မြို့ မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ ခရိုင်အလိုက် စိုက်ပျိုးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အစည်းအဝေးအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဇုန်(၂)အကွက်အမှတ်(၁)၌ ပင်မရေသွင်းမြောင်း ဖောက်လုပ်ပြီးစီးမှုနှင့် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု၊ လမ်းဖြတ်ရေသွင်းမြောင်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ရောက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သန်လျင်-သုံးခွ-ခရမ်း-သက္ကလ-အုန်းနဲ့- ပဲခူးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မိုင်တိုင်အမှတ် (၂၉/၃)အနီးကဝမြို့နယ် သက္ကလကျေးရွာ တည်ဆောက်ရေး(၆) ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

အချိန်နှင့် တစ်ပြေးညီပြီးစီး

ယင်းနောက်ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ညွှန်ကြားရေးမှူးက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ မိုင်(၃၀)ပတ်လည် စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် သုံးခွမြို့နယ်နှင့် သန်လျင်မြို့နယ်များသို့ စိုက်ပျိုးရေပေးဝေမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ တည်ဆောက်ရေး(၁)မှ ဒုတိယညွှန်ကြားရေးမှူးက ကိုဒူကွဲရေလှောင်တမံတည်ဆောက်၍ စိုက်ပျိုးရေပေးဝေရန်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လုပ်ငန်းများအချိန်နှင့်တစ်ပြေးညီပြီးစီးရေး ဆောင်ရွက်ရန်နှင့် မိုးရာသီတွင် ရေသိုလှောင်ပြီး၊ နွေရာသီတွင် စိုက်ပျိုးရေပေးဝေရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အုန်းနဲ့ကျေးရွာရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သဘာဝဓာတ်ငွေ့ ဖိအားမြှင့်စက်ရုံသို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ကြည့်ရှုအားပေး

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာမှ လယ်သမားကြီးဦးဇော်ဝင်း (ခ) ဦးမြင့်သိန်း၏ လယ်ကွက်၌ ရေဆင်း(၂)စပါးပင်၊ စပါးနှံ၊ စပါးစေ့နှင့် ဆန်များပြသထားမှုကို ကြည့်ရှုစစ်ဆေးပြီး ၎င်း၏လယ်မြေ၌ နွေစပါးကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်း ခြွေလှေ့နေသည်ကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

ဗေယျာရွှေမြေအသင်းအား စစ်ကိုင်းတိုင်းမိဘပြည်သူများထံ အပ်နှံပွဲကျင်းပ

စစ်ကိုင်း၊ မြင်းမူ၊ ချောင်းဦး၊ မုံရွာ၊ အရာတော်နှင့် ရွှေဘိုမြို့များမှပရိသတ်များ တစ်ခဲနက်ကြိုဆို

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ရန်ကုန် မေ ၇

၂၀၀၉ခုနှစ် မေ ၁၆ရက်မှစ၍ MNL Cup(Grand Royal 2009) ဘောလုံးပြိုင်ပွဲကို စတင်ကျင်းပတော့မည်ဖြစ်ရာ ပြိုင်ပွဲမစတင်မီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ပရိအသင်းများမှ ကိုယ်စားပြု တိုင်း၊ပြည်နယ်များ၌ အသင်းအပ်နှံပွဲများ ကျင်းပလျက်ရှိသည်။ မေ

၂ရက်တွင် ရန်ကုန်တိုင်း ကိုယ်စားပြု ရန်ကုန်ယူနိုက်တက် F.C က အောင်ဆန်းကွင်းတွင်လည်းကောင်း၊ မေ ၄ရက်တွင် မကွေးတိုင်းကိုယ်စားပြု မကွေး F.C က တိုင်းအားကစားကွင်းတွင်လည်းကောင်း ကျင်းပခဲ့ပြီး တတိယအသင်းမှာ စစ်ကိုင်းတိုင်း ကိုယ်စားပြု ဗေယျာရွှေမြေဘောလုံးအသင်းဖြစ်သည်။ ဗေယျာရွှေမြေဘောလုံးအသင်း၏ စစ်ကိုင်းတိုင်းအတွင်းရှိ မိဘပြည်သူများထံ အပ်နှံပွဲကို မေ ၅ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ တိုင်းအားကစားကွင်းတွင်ကျင်းပခဲ့ရာ မြို့ခံပရိသတ်များ စိတ်ဝင်တစား စည်ကားစွာ လာရောက်အားပေး ကြည့်ရှုခဲ့ကြသည်။

ဗေယျာရွှေမြေဘောလုံးအသင်းသည် အသင်းအပ်နှံပွဲ ကျင်းပရန်အတွက် မေ ၄ရက် နံနက် ၆ နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြပြီး မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မုံရွာမြို့သို့ အထူးစီစဉ်ထားသော မော်တော်

စစ်ကိုင်းတိုင်း ကိုယ်စားပြု ဗေယျာရွှေမြေအသင်းအား မြင်းမူမြို့မှ ပရိသတ်များ ကြိုဆိုစဉ်။

ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြသည်။ ဗေယျာရွှေမြေအသင်းကို စစ်ကိုင်းမြို့ခံပရိသတ်များက နွေးထွေးလှိုက်လှဲစွာကြိုဆိုကြသည်။ ရောဝတီတံတား(ရတနာပုံ) ထိပ်မှစ၍ မိဘ ပြည်သူများက အိုးစည်ဗုံမောင်းများတီး၍ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပြီး အသင်းသားများအား ဂုဏ်ပြုပန်းများကမ်းကာ ကြိုဆိုခဲ့ကြသည်။စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ချောင်းဦးမြို့နှင့် မုံရွာမြို့ အဝင်မုခ်ဝတို့တွင်လည်း မြို့ခံပရိသတ်များမှာ ထင်ထားသည်ထက်ပင် ပိုမိုများပြားစွာ တစ်ခဲနက်ကြိုဆိုခဲ့ကြသည်။ ဗေယျာရွှေမြေအသင်းကလည်း အဆိုပါ မြို့များတွင် အသင်း၏ပိုစတာများ၊ အမှတ်တရပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့သည်။

ဗေယျာရွှေမြေအသင်း၏ ဩဝါဒခံယူပွဲနှင့် အောင်နိုင်ရေးအလံပေးအပ်ပွဲကို ည ၇နာရီ၌ စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ မြစနွာခန်းမတွင် ကျင်းပသည်။

“ဗေယျာရွှေမြေအသင်း အောင်မြင်မှုရရှိရန်မှာ စစ်ကိုင်းပရိသတ်တွေ တစ်ခဲနက်အားပေးကြဖို့ လိုပါတယ်”

ဦးသူရိန်
ဥက္ကဋ္ဌ ဗေယျာရွှေမြေ F.C

မေ ၅ရက် ညနေ ၄နာရီတွင် စစ်ကိုင်းတိုင်းအတွင်းမှ မိဘပြည်သူများထံ အပ်နှံပွဲနှင့် ခြေစမ်းဘောလုံးပွဲကို ကျင်းပသည်။ အခမ်းအနား မစတင်မီ မြို့မတေးဂီတအဖွဲ့နှင့်အတူ သုမောင်၊ ခင်မောင်တိုး၊ ဂျေမောင်မောင်၊ လွှင်မိုး၊ ဖိုးသောကြာ၊ နှင်းရီရီသန့်၊ ပန်းအိဖြူစသည့် တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။ ယင်းနောက် အသင်းအပ်နှံပွဲ ကျင်းပရာ ဗေယျာရွှေမြေဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြဆရာများနှင့် ကစားသမားများအား ပရိသတ်နှင့်တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ဆက်လက်၍ ဗေယျာရွှေမြေကလပ်အသင်းပိုင်ရှင်ဦးဝင်းမြင့်၊ ဥက္ကဋ္ဌ ဦးသူရိန်တို့က ခြေစမ်းပွဲယှဉ်ပြိုင်ကစားကြမည့် နှစ်ဖက်ဘောလုံးသမားများနှင့် ဒိုင်လူကြီးများအား လိုက်လံနှုတ်ဆက်သည်။ ယင်းနောက် ဗေယျာရွှေမြေ ဘောလုံးအသင်းဥက္ကဋ္ဌဦးသူရိန်က နည်းပြချုပ် ဦးဉာဏ်ဝင်းထံသို့ အသင်းအောင်နိုင်ရေးအလံ ပေးအပ်သည်။ ၎င်းနောက် ခြေစမ်းပွဲယှဉ်ပြိုင်ကစားကြမည့် ဗေယျာရွှေမြေ ဘောလုံးအသင်း၊ အဝါရောင်အသင်းနှင့် အပြာရောင်အသင်းတို့အား သူနာပြုသင်တန်းသူများက ပန်းစည်းများ ဆက်ကြသည်။

ခြေစမ်းပွဲတွင် အဝါရောင်အသင်းက အပြာရောင်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသွားပြီး နှစ်သင်းစလုံးတွင်ဗေယျာရွှေမြေ ကစားသမားများနှင့် စစ်ကိုင်းတိုင်းလက်ရွေးစင်အချို့ ပါဝင်ကစားခဲ့ကြသည်။ ပွဲအပြီးတွင် ဗေယျာရွှေမြေအသင်းဥက္ကဋ္ဌ ဦးသူရိန်နှင့် အလှူရှင်များက အနိုင်ရရှိသွားသော အဝါရောင်အသင်းမှ အသင်းခေါင်းဆောင် ဇော်လင်းထွန်း-၂အား ဂုဏ်ပြုဆုငွေကျပ် ၁၅သိန်း ပေးအပ်ချီးမြှင့်သည်။

ဗေယျာရွှေမြေဘောလုံးအသင်းသည် မေလ ၆ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့သို့ ထွက်ခွာခဲ့ကြပြီး အရာတော်မြို့နှင့် ရွှေဘိုမြို့တို့တွင် မြို့ခံမိဘပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ထို့နောက် အောင်မြေဘုရားတွင် ဗေယျာရွှေမြေဘောလုံးအသင်းသားများ အောင်မြေနင်းပြီး ညနေပိုင်းတွင် မန္တလေးမြို့မှရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။ ။**(မြန်မာ့အလင်း)**

ဗေယျာရွှေမြေ အသင်းဥက္ကဋ္ဌ ဦးသူရိန်က နည်းပြချုပ် ဦးဉာဏ်ဝင်းအား အောင်နိုင်ရေးအလံ ပေးအပ်စဉ်။

ဗေယျာရွှေမြေအသင်းဥက္ကဋ္ဌဦးသူရိန်နှင့် အလှူရှင်များက ခြေစမ်းပွဲတွင် အနိုင်ရသွားသော အဝါရောင်အသင်းအား ဆုငွေချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

8-5 (11).pmd 1 5/8/2009, 2:08 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ထူးခြားသည့် နေ့အပူချိန်

(၇-၅-၂၀၀၉)

ရွှေဘို	၄၂ ဒီဂရီစင်တီဂရိတ်
မုံရွာ	၄၂ ဒီဂရီစင်တီဂရိတ်
မြင်းခြံ	၄၁ ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၁ ဒီဂရီစင်တီဂရိတ်
ပြည်	၄၁ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်

(၇-၅-၂၀၀၉)

ဖျာပုံ	၁ ဒသမ ၂၂ လက်မ
မန္တလေး	၀ ဒသမ ၉၅ လက်မ
တောင်ကြီး	၀ ဒသမ ၅၉ လက်မ

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

စိတ်ဓာတ်ကြောင့် နိုင်ပွဲရရှိခဲ့တာပါ.... (ဂွါဒီရိုလာ)
မျှော်လင့်မထားတဲ့ ရလဒ်ပါပဲ.... (ဂူဟစ်ဒင့်)

ရေးသားတင်ပြသူ-မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

လန်ဒန် မေ ၇

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ချယ်လ်ဆီးနဲ့ ဘာစီလိုနာတို့ မေ၇ရက်မှာ ယှဉ်ပြိုင်ကစားတဲ့ပွဲမှာ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့လို့ နှစ်ကျော့ပေါင်း ရလဒ်အရ (အဝေးဂိုးရလဒ်)နဲ့ ဘာစီလိုနာတို့ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်သွားပြီဖြစ်ပါတယ်။

အိမ်ရှင်ချယ်လ်ဆီးတို့က အနိုင်တစ်ဂိုးသွင်းပြီး ပွဲချိန်မိနစ် ၉၀အထိ ထိန်းပြီး ကစားခဲ့လို့ ဘာစီလိုနာတို့လည်း ဂိုးရရေး ခက်ခက်ခဲခဲ ကြိုးစားခဲ့ရပါတယ်။ နောက်ဆုံးလေလွှင့်ချိန်အတွင်းမှာ ဘာစီလိုနာက ချေပဂိုးသွင်းယူနိုင်ခဲ့လို့ ချယ်လ်ဆီးတို့လည်း ယူကြုံးမရဖြစ်ပြီး ချန်ပီယံလိဂ်ဖလား ရယူရေးအိပ်မက် ပျက်ပြယ်ခဲ့ရခြင်းဖြစ်ပါတယ်။

"ကစားသမားတွေ အမှားလုပ်ခဲ့" (ဂူဟစ်ဒင့်)

"စိတ်ဓာတ်နဲ့ ယှဉ်ပြိုင်ခဲ့တာပါ" (ဂွါဒီရိုလာ)

စိတ်ဓာတ်ကြောင့်

ဒီပွဲအပြီးမှာ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့တဲ့ ဘာစီလိုနာနည်းပြဂွါဒီရိုလာက "ဒီပွဲမှာ ကျွန်တော်တို့ စိတ်တိုင်းကျ မကစားခဲ့ရဘူး၊ အပိုင်ဂိုးသွင်းခွင့် အခွင့်အရေးလည်း သိပ်မရခဲ့ပါဘူး။ ဒါပေမယ့် နောက်ဆုံးအချိန်အထိ နိုင်ပွဲရအောင် ကစားမယ်ဆိုတဲ့စိတ်ဓာတ်နဲ့ ယှဉ်ပြိုင်ခဲ့လို့ ကျွန်တော်တို့ ချေပဂိုး သွင်းယူနိုင်ခဲ့တာပါ။ အဓိကအနေနဲ့ကတော့ စိတ်ဓာတ်ကြောင့်ပါပဲ" လို့ ပြောကြားပါတယ်။

ရေပန်းစား

ဘာစီလိုနာအသင်းဟာ ချန်ပီယံလိဂ် အုပ်စုပွဲတွေ စတင်ကစားကတည်းက ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့ အသင်းတွေထဲမှာ ပါဝင်နေပါတယ်။ နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်းကို ကျော်ဖြတ်နိုင်ခဲ့ပြီးတဲ့နောက်မှာ ပိုပြီးရေပန်းစားလာတဲ့ အသင်းလည်း ဖြစ်ပါတယ်။

ယုံကြည်တဲ့စိတ်

"ချယ်လ်ဆီးအသင်းဟာ ကျွန်တော် ထင်တာထက် ပိုကောင်းတဲ့ခြေစွမ်းနဲ့ကစားနိုင်ခဲ့တာမို့ ကျွန်တော့်လူတွေ အတော်လေး အားထုတ်ခဲ့ရတယ်။ ဒါပေမယ့် မိနစ် ၉၀ အထိ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနေပေမယ့် ပွဲပြီးတဲ့အခါ ကျွန်တော်တို့ နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်နိုင်မယ်လို့ ယုံကြည်တဲ့စိတ် ရှိနေခဲ့တာပါပဲ" ဟု ဘာစီလိုနာနည်းပြ ဂွါဒီရိုလာက ပြောကြားပါတယ်။

ပြောင်းလဲသွားနိုင်

ဒီလိုပါပဲ၊ ဘာစီလိုနာအသင်းကို တစ်ဂိုးသွင်းယူပြီး အသာစီးကစားနေခဲ့ရာက လေလွှင့်ချိန်အစားထိုးပေးတဲ့ လေးမိနစ်အတွင်းမှာ ချေပဂိုး သွင်းယူခြင်းခံလိုက်ရတဲ့အတွက် ဖလားရယူရေး မျှော်မှန်းနေတဲ့ ချယ်လ်ဆီးနည်းပြ ဂူဟစ်ဒင့်ကလည်း "မမျှော်လင့်ထားတဲ့ ရလဒ်ပါပဲ။ အမှန်အတိုင်းဝန်ခံရရင် ကျွန်တော်တို့နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်နိုင်ပြီလို့ခံယူစိတ်တွေဖြစ်နေခဲ့တာပါ။ ဘောလုံးပွဲတစ်ပွဲရဲ့ ရလဒ်ဟာ အချိန်ပိုင်းအတွင်း ပြောင်းလဲသွားနိုင်တယ်ဆိုတာသိပေမယ့်အခုတော့ လက်တွေ့လက်ခံရပါပြီ။ ဒါပေမယ့် ကွင်းလယ်ဒိုင်လူကြီးရဲ့ ဆုံးဖြတ်ချက်အချို့ဟာလည်း ပွဲရလဒ်ကို အပြောင်းအလဲဖြစ်စေခဲ့တဲ့အထိ ရိုက်ခတ်မှုရှိခဲ့ပါတယ်။ ကျွန်တော့် ကစားသမားတွေရဲ့အမှားတွေလည်း အများကြီးရှိခဲ့တာ ဝန်ခံပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

အကြိမ်ကြိမ်လေ့လာ

ချယ်လ်ဆီးအသင်းဟာ ပြီးခဲ့တဲ့နှစ် ချန်ပီယံလိဂ်ပွဲတုန်းက နောက်ဆုံးဗိုလ်လုပွဲအထိတက်ရောက်နိုင်ခဲ့ပေမယ့် ဒီနှစ်မှာတော့ အကြိုဗိုလ်လုပွဲမှာပဲ နောက်လှည့်ပြန်ခဲ့ရပြီဖြစ်ပါတယ်။ နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တဲ့ ဘာစီလိုနာအသင်းနည်းပြ ဂွါဒီရိုလာကတော့"ပြီးခဲ့တဲ့နှစ် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲမှာ ဘာစီလိုနာအပေါ် အနိုင်ယူခဲ့တဲ့ မန်ယူအသင်းရဲ့ ကစားပုံကို ဗီဒီယိုကနေပြီး အကြိမ်ကြိမ်လေ့လာနေပါပြီ။ မန်ယူအပေါ် ဘယ်လိုအနိုင်ယူရမယ်ဆိုတဲ့ နည်းလမ်းကို ရှာဖွေနေပြီဖြစ်ပါတယ်"လို့ ပြောကြားနေပါတယ်။

ဒါကြောင့် မန်ယူနဲ့ ဘာစီလိုနာတို့ရဲ့ မေ ၂၇ရက်မှာ ကစားမယ့် ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲမှာ ဘယ်အသင်းဖလား ဆွတ်ခူးသွားမလဲဆိုတာ စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။ ။ **(အင်တာနက်)**

နှစ်နှစ်ဆက်တိုက် ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ရေး အပြည့်အဝယုံကြည်နေဟု မန်ယူကြယ်ပွင့်စီရိုနယ်ဒိုဖွင့်ဟ

လန်ဒန် မေ ၇

လာမည့် မေ၂၇ရက်၌ အီတလီနိုင်ငံ ရောမမြို့၌ကျင်းပမည့် ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် မန်ယူအသင်းသည် အနိုင်ရရှိကာ သမိုင်းရေးထိုးနိုင်မည်ဟုယုံကြည်ကြောင်း မန်ယူ ဘောလုံးကြယ်ပွင့် စီရိုနယ်ဒို(ဓာတ်ပုံ)က ထုတ်ဖော်ပြောကြားခဲ့သည်။

ဥရောပကလပ်အသင်းများဖလားအား ချန်ပီယံလိဂ်ဖလားအဖြစ် အသွင်ပြောင်းကျင်းပသည့် ၁၉၉၂ခုနှစ်ကတည်းကပင် ချန်ပီယံလိဂ်ဖလားကို မည်သည့်အသင်းမျှ ဆက်တိုက်ထိန်းသိမ်းနိုင်ခြင်း မရှိခဲ့ပေ။

ယခုအခါ မန်ယူအသင်းသည် အမ်းမရိတ်တွင် အာဆင်နယ်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ပွဲပေါင်းရလဒ် လေးဂိုး-တစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ချန်ပီယံလိဂ်ဖလားကို နှစ်နှစ်ဆက်တိုက် ရယူရန် အိပ်မက်မက်ခွင့်ရသည့် တစ်ခုတည်းသော အသင်းဖြစ်လာသည်။ မန်ယူနှင့် အာဆင်နယ် ချန်ပီယံလိဂ် ဒုတိယအကျော့တွင် ပွဲချိန်ရှစ်မိနစ်၌ အာဆင်နယ် ခံစစ်မှူး ဂစ်ဘ်ဆင်ချော်လဲစဉ် ရရှိသောအခွင့်အရေးကို ပတ်ဂျီဆန်က အပြည့်အဝအသုံးချနိုင်ခဲ့သဖြင့် ရရှိခဲ့သော ဦးဆောင်ဂိုးနှင့် ပွဲချိန်၁၁မိနစ်တွင် ကိုက်၄၀ခန့်အကွာ အလွတ်တည်ကန်ဘောမှတစ်ဆင့် စီရိုနယ်ဒိုသွင်းယူခဲ့သောဂိုးတို့ကြောင့် မန်ယူအသင်း ဗိုလ်လုပွဲသို့ ထိုက်တန်စွာ တက်နိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဒရော့ဘာ ပွဲပိတ်ခံရဖွယ်

လန်ဒန် မေ ၇

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ချယ်လ်ဆီးနှင့် ဘာစီလိုနာတို့ မေ ၇ရက်က ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ချယ်လ်ဆီးတိုက်စစ်မှူးဒရော့ဘာ၏ကွင်းလယ်ဒိုင်လူကြီးကွမ်ဟေနန်အပေါ်ပြောဆိုပြုမူမှုများနှင့် ပတ်သက်ပြီး ဥရောပဘောလုံးအဖွဲ့ချုပ်က ပြစ်ဒဏ်ချမှတ်ရေး စစ်ဆေးလေ့လာမှုများ ပြုလုပ်နေပြီဖြစ်သည်။

စောဒကတက်

ဒရော့ဘာ ဘောလုံးသယ်ယူလာစဉ် ဘာစီလိုနာနောက်ခံလူ ယာယာတိုရေးက ဖျက်ထုတ်မှုနှင့် ပတ်သက်ပြီး ကွင်းလယ်ဒိုင်လူကြီး၏ ဆုံးဖြတ်မှုအပေါ် မကျေမနပ်ဖြစ်ကာ ဒရော့ဘာက ကွင်းလယ်ဒိုင်လူကြီးကို စောဒကတက်ခဲ့ခြင်းဖြစ်သည်။

ပိတ်ပင်ခံရမည်

ဒရော့ဘာ၏ အပြုအမူ၊ အပြောအဆိုနှင့် ပတ်သက်ပြီး အပြစ်ရှိသည်ဟု ဆုံးဖြတ်ပါက ကစားပွဲများ ပိတ်ပင်ခံရမည်ဖြစ်ကြောင်း ဥရောပဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြောကြားသည်။

(အင်တာနက်)

ဂျူဗင်းတပ်စ်တွင် မပျော်ပိုက်တော့ကြောင်း ဂိုးသမားဘတ်ဖွန်း ဖွင့်ဟဝန်ခံ

ရောမ မေ ၇

ယခုဘောလုံးရာသီတွင် ဂျူဗင်းတပ်စ်၌ ကစားရသည်ကို စိတ်ပျက်လာမိကြောင်း ဂျူဗင်းတပ်စ်ဂိုးသမားအကျော်အမော် ဘတ်ဖွန်း(အပေါ်ပုံ)က ဝန်ခံပြောကြားခဲ့သည်။

အီတလီစီးရီးအေဇယားတွင် ဂျူဗင်းတပ်စ်အသင်းသည် တတိယနေရာ၌ ရပ်တည်နေပြီး ဒုတိယနေရာမှ အေစီမီလန်အား ဖိအားပေးနိုင်သည့်တိုင် အီတလီအဆင့်(၁) ဂိုးသမားဘတ်ဖွန်းသည် ယခုဘောလုံးရာသီတွင် ကြိမ်ဖန်များစွာ ဝေဖန်ခံနေရသည်။

ယင်းအချက်သည်ပင် လက်ရှိအသင်းနှင့် စာချုပ်သက်တမ်းလေးနှစ် ကျန်နေသည့်တိုင် ဂျူဗင်းတပ်စ်တွင် ဘတ်ဖွန်း၏ အနာဂတ်ကို စဉ်းစားရန်အခြေအနေသို့ ရောက်ရှိလာခဲ့ကြောင်း သတင်း၌ဖော်ပြသည်။ (အင်တာနက်)

ချစ်စိုးနိုင်-စုစည်းတင်ပြသည်

ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီယာအို ရစ်ကီဟက်တန်အား ဒုတိယအချီတွင် အနိုင်ထိုးသတ်

ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီယာအိုက ပြိုင်ဘက်အား ညာဖြောင့်လက်သီး ထိုးသွင်းဟန်။

လက်စ်ဗီးဂက်စ် မေ ၇

ပြီးခဲ့သည့် မေ ၂ရက်ညပိုင်းက အမေရိကန်နိုင်ငံ လက်စ်ဗီးဂက်စ်မြို့တွင် ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီယာအိုနှင့် ဗြိတိသျှ လက်ဝှေ့ကြယ်ပွင့် ရစ်ကီဟက်တန်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ အကောင်းဆုံးဝိတ်တန်းတူ လက်ဝှေ့ပွဲစဉ်ကောင်းတစ်ပွဲဖြစ်ခဲ့ပြီး ပက်ကွီယာအိုက ဟက်တန်အား ဒုတိယအချီတွင် အနိုင်ရရှိခဲ့သည်။

နှစ်ကြိမ်တိုင်တိုင် အလဲထိုးနိုင်ခဲ့

ပက်ကွီယာအိုသည် အော်စကာဒီယာဟိုလာအား မျှော်လင့်ခဲ့သည့်အတိုင်း အနိုင်ရရှိခဲ့သည့် ပွဲထက်ပင် ဟက်တန်နှင့်ထိုးသတ်သည့် ပွဲစဉ်တွင် ပိုမိုသာလွန်ကောင်းမွန်ခဲ့သည်။ ပေါင်၁၄၀ ဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲတွင် ကြီးစိုးနေသော ဟက်တန်အား အပြီးသတ်အနိုင်မယူမီ ပထမအချီမှာပင် ပက်ကွီယာအိုသည် ဟက်တန်အား နှစ်ကြိမ်တိုင်တိုင် အလဲထိုးနိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် ပက်ကွီယာအိုသည် အနိုင်ရရန် နှစ်လေးတစ်လေး ရေပန်းစားနေသူဖြစ်သည်။ သို့သော်လည်း လူအချို့ကမူ ဟက်တန်က ပက်ကွီယာအိုအား အလွယ်တကူအနိုင် ရရှိလိမ့်မည်ဟု ယူဆကြသည်။ ဖလွိုက်မေဝဲသားဂျူနီယာနှင့် ယှဉ်ပြိုင်ထိုးသတ်စဉ်က ၁၀ချီအရောက်တွင် ရှုံးနိမ့်ခဲ့ခြင်းသည် ပက်ကွီယာအို၏ တစ်ပွဲတည်းသော ရှုံးနိမ့်မှုပင်ဖြစ်သည်။ (အင်တာနက်)

ရတနာပုံ မြို့တည်နန်းတည် နှစ်(၁၅၀)ပြည့်အား မန္တလေး အောက်မြတ်အမ်ကျော်ဦးပို မှ ဂုဏ်ယူစွာတင်ဆက်လိုက်သော

ဂန္တဝင် ရေးဦးယို့အဆိုကျော်ကြီးများ၏ "ရွှေမန္တလေးည" တေးဂီတဖျော်ဖြေပွဲ

မန္တလေးမြို့တက်ဆောင် မြို့တေးဂီတ နှင့်အတူ

မောင်မောင်လတ်၊ ကိုမင်းနောင်၊ နေ ဖြူဖြူးသိန်း၊

သန်းမြတ်စိုး၊ သူမောင်၊ မောင်သိန်းဝင်း၊

ရာဇဝင်းတင့်၊ လှမြင့်ဝင်း၊

ထား၊ ဒေဝမိးတင်တင်လှ၊ တင်တင်မြ၊

ရီရီသန့်၊ ညွန့်ညွန့်စိန်၊

ခင်ညွန့်ရီ၊ ဒေါးဒေါးအောင် . . .

စသော အဆိုကျော်ကြီးများ

Mandalay FM

RADIO STATION

လက်မှတ်အရောင်းဌာန

ဖျော်ဖြေမည့်နေရာ - အမျိုးသားဇာတ်ရုံ(မန္တလေး)

ဖျော်ဖြေမည့်နေ့ရက် - ၁၀.၅.၂၀၀၉ရက်(တနင်္ဂနွေနေ့)

ဖျော်ဖြေမည့်အချိန် - ည(၇:၀၀)နာရီ

ဝင်ကြေး - ကျပ်၅၀၀၀၊ ၇၅၀၀၊ ၁၀၀၀၀၊ ၁၅၀၀၀

- Mandalay FM ရုံးခန်း
  တိုက်(စီ-၃၊ ၄)၊ ၃၂လမ်း ၇၇ × ၇၈လမ်းကြား
  ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
  ဖုန်း-၀၂-၂၄၄၈၁၊ ၀၂-၂၄၄၈၂၊ ၀၂-၂၄၄၈၃

- 78 Shopping Centre,
- Blazon Shopping Centre,
- ကြည်ပြာ-စတိုး
- ဆန်းစတား-စတိုး

ချစ်သမီးလေး ရှင်တန်ခူးမေ

မြေကမ္ဘာသို့ အလည်လာသည့် ခရီးစဉ်တွင် စေတနာအပြည့်နှင့် စတင်ကူညီပေးခဲ့သော ဗိုလ်ကြီး အောင်ကျော်ထွန်း [ဆီးနှင့် ကျောက်ကပ်အထူးကု အမှတ်(၂) တပ်မတော်ဆေးရုံ]နှင့် ဇနီး၊ စတင် အပ်နှံသည့်အချိန်မှ မွေးဖွားပြီးသည့်အချိန်အထိ အဘိုး တစ်ယောက်၏ ချစ်ခြင်းမျိုးဖြင့် ဂရုတစိုက် စောင့်ရှောက် ကြီးကြပ် မွေးဖွားပေးခဲ့သော ပါမောက္ခ ဒေါက်တာ သိန်းမြင့်သူ(သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး)၊ မေတ္တာအပြည့်နှင့်စောင့်ရှောက်ပေးခဲ့သော ဒေါက်တာ ခင်ခင်နှင်း (ကလေးအထူးကုဆရာဝန်ကြီး)နှင့်ဆေးရုံသို့ စတင် တက်ရောက်သည့်အချိန်မှစ၍ အိမ်သို့ပြန်လာ သည့်အချိန်အထိ မိသားစုသဖွယ် နွေးထွေးပျူငှာစွာ ဝန်ဆောင်မှုပေးခဲ့သော ပန်းလှိုင် နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးမှ တာဝန်ရှိပုဂ္ဂိုလ်များကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

မင်းအုပ်စိုး-သက်ထားစု
ချစ်သမီးလေး ရှင်တန်ခူးမေ။

အထက(၁) သဃ်န်းကျွန်း ၁၉၈၅-၁၉၉၀ အထက်တန်းကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

မြင်းမိုရ်တောင်ဦး မကကျူးမျှ၊ ကျေးဇူးကြီးလှ အနန္တဟု၊ ငါးဝန္ဒယ်ဝင်၊ မေတ္တာယှဉ်လျက်၊ ကြင်နာတတ်စွာ၊ ကရုဏာနှင့် လိမ္မာဖို့ရာ၊ စေတနာနှင့် သေချာကြပ်မတ်၊ အတတ်လည်းသင် ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာပို့တတ်၊ ဆရာမြတ်တို့…မအပ်မရာ၊ သံသရာမှ၊ ခုကာလတိ၊ လွဲသည့်မာန၊ မိုက်ဒေါသဖြင့်၊ သုံးဝအပြစ်၊ ရှိခဲ့လစ်သော အပြစ်ထိုမှလွတ်ပါရကြောင်း၊ ဦးညွှတ်တောင်း၏၊ တစ်ကြောင်းထို့ပြင်၊ ဆရာသခင်၏များဖြင့် မွန်းထံ၊ "သီလဂုဏ်၊ ပညာဂုဏ်" ကို၊ အာရုံပြုကာ ကြည်ညိုပါသည်၊ ယခုအခါဆရာတပည့်၊ တူတကွ တွေ့ဆုံ၊ ဘဝနောက်နှောင်း၊ ဆက်တိုင်းကောင်းယုံ၊ တို့လှည့်ကူးလူး၊ မေတ္တာ စမ်းဦး၊ ထာဝရစီးလျှံဝေ၍၊ တပည့်အပေါင်းတွေက….

သဒ္ဓါလွှမ်းထက်၊ ဆယ်ဖြာလက်ဖြင့်၊ အသက်ရှည်စွာ၊ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်း၊ ကောင်းမှုမင်္ဂလာဖြစ်ပါစေလို့၊ တောင်းဆုဆိုလျက်၊ ရှိသေ မြတ်နိုး၊ လက်အုပ်မိုးကာ၊ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ကြပါရန် ရည်စူးလျက်…

၉-၅-၂၀၀၉ရက် (စနေနေ့) နံနက် ၉နာရီ၌ အထက(၁) သဃ်န်းကျွန်း မြို့နယ် ကျောင်းသပြေ ခန်းမဆောင်တွင် ကျင်းပမည်ဖြစ်သော မြတ်ဆရာပူဇော်ပွဲ အခမ်းအနားသို့ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (ကျောင်းသား ကျောင်းသူဟောင်းများအား သီးခြား ဖိတ်စာမပို့ပါ။)

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

မင်္ဂလာဆုတောင်း

အစ်ကို နှင့် **ကူးကူး** တို့၏
၈-၅-၂၀၀၉ရက်တွင် ကျရောက်သော
မင်္ဂလာနှစ်ပတ်လည် ရက်မြတ်မှသည်
သက်ဆုံးတိုင် မကွဲမကွာ ကြင်ကြင်နာနာဖြင့်
တိုင်းပြည်တာဝန် အတူထမ်းဆောင်ရင်း
ပျော်ရွှင်ပြည့်စုံသော မိသားစုဘဝကို
ထာဝရ တည်ဆောက်နိုင်ပါစေဟု
ဆုမွန်ကောင်းတောင်းလျက် -

ချစ်ခင်ပွန်း-ဗိုလ်ကြီးဘုန်းထက်စိုး။

မင်္ဂလာဦးဆုမွန်လွှာ

၂-၅-၂၀၀၉ရက်(စနေနေ့) Sedona Hotel (Executive Club Level-II) တွင် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် ဂုဏ်သရေရှိ နှစ်ဖက်သော လူကြီးမိဘများ၊ ဆွေမျိုးများ၏ ရှေ့မှောက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပြီး ၃-၅-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom) ခန်းမ၌ မင်္ဂလာနာယကကြီးများဖြစ်ကြသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် ဇနီး ဒေါ်ခင်ခင်ရီတို့မှ စုလျားရစ်ပတ် ထိမ်းမြား လက်ထပ် ဘိသိက်မင်္ဂလာပြုလုပ်ပြီးခဲ့သော မင်္ဂလာဇနီးမောင်နှံ **ဗိုလ်ကြီးစည်သူလွင်** M.B.,B.S (D.S.M.A) Professional Certificate of Radio Diagnostic and Radio-therapy, Certificate of Cardiology နှင့် **ဒေါက်တာစုသင်းဟန်** M.B.,B.S (Ygn) F.G.A(London) တို့၏ မင်္ဂလာဦးရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင်အောင် ချစ်သော ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ-မေမေ၊ ဦးကြီးများ၊ ဒေါ်ကြီးများ၊ ဦးလေးများ၊ ဒေါ်လေးများ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးများနှင့်အတူ ကျန်းမာချမ်းသာ ပျော်ရွှင်ခြင်းတို့ဖြင့် ပြီးပြည့်စုံပြီး လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုး သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်….။

ဘွားဘွား-ဒေါ်အုံးရင်နှင့်
ဦးကြီး-ဒေါ်ကြီး၊
ဦးလေးများ၊ ဒေါ်လေးများ၊
ညီအစ်ကိုမောင်နှမများ။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

တနင်္သာရီတိုင်း၊ ပုလောမြို့နေ
ဦးအောင်ချစ်-ဒေါ်သန်းရီ
တို့၏သား

ဒေါက်တာဟိန်းမင်း Ph.D(Architecture)
Interior Designer,Siatyun (s) Pte., Ltd. Singapore

နှင့်

ရန်ကုန်မြို့နေ ဒုတိယရဲမှူးကြီးကျော်ရင်(ငြိမ်း)-ဒေါ်ညွန့်ညွန့်သန်း
တို့၏သမီး

မမြတ်ဇင်ထက် M.C.Sc Computer Science , B.Sc(Maths Q)
Application Developer, Hitachi Chemical Pte., Ltd. Singapore

တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူခွင့်ပြုချက်အရ စင်ကာပူနိုင်ငံ Inle Myanmar Restaurant ၌ ၂-၅-၂၀၀၉ရက် (စနေနေ့)တွင် တရားသူကြီး Dr. Phua Tan Tee ၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာဟိန်းမင်း-မမြတ်ဇင်ထက်။

အားကစားဝန်ကြီးဌာန အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘိလိယက်နှင့်စနူကာအလွတ်တန်းပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ မန္တလေးတိုင်း ဘိလိယက်နှင့် စနူကာဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘိလိယက်နှင့် စနူကာအလွတ်တန်းပြိုင်ပွဲကို မန္တလေးမြို့ ၃၂ x ၃၃ လမ်းနှင့် ၇၇x၇၈ လမ်းကြား ရွှေဖြူပလာဇာ ဒုတိယထပ်ရှိ Domino Club တွင် မေ ၂၂ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ချီးမြှင့်မည်

ဆုကြေးများမှာ ဘိလိယက် အလွတ်တန်းပြိုင်ပွဲအတွက် ပထမဆု ငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊တတိယဆု ငွေကျပ်တစ်သိန်းနှင့်စနူကာအလွတ်တန်းပြိုင်ပွဲအတွက် ပထမဆုငွေကျပ်ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သော အားကစားသမားများအတွက် တည်းခိုခြင်းနှင့် ခရီးစရိတ်ကို အားကစားဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

စာရင်းပေးသွင်း

ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသော အားကစားသမားများသည် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်(အောင်ဆန်းကွင်း)နှင့်မန္တလေး Domino Club တွင် မေ ၁၈ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(အား/ကာ)

မီးမလောင်ခင် သတိယှဉ် ကြိုတင် ကာကွယ်ပါ

မြန်မာ့အလင်း အာကာသရေးရာ ပုံရိပ်လွှာ



အင်္ဂါဂြိုဟ်၌ထားမည့်ဓာတ်ခွဲခန်း

နာဆာအဖွဲ့က အင်္ဂါဂြိုဟ်ပေါ်တွင်ထားရှိမည့် သိပ္ပံဆိုင်ရာ ဓာတ်ခွဲခန်းတစ်ခုကို လွှတ်တင်ရန်အတွက် စမ်းသပ်မှုများ ပြုလုပ်နေပြီဖြစ်သည်။ အဆိုပါ ဓာတ်ခွဲခန်းကို သယ်ဆောင်သွားမည့် အင်္ဂါဂြိုဟ်သွားဒုံးပျံကို နာဆာအဖွဲ့က လာမည့် ၂၀၁၂ခုနှစ်၌ လွှတ်တင်ရန် စီစဉ်ထားသည်။ (အင်တာနက်ဓာတ်ပုံ)



ဥရောပ အာကာသအေဂျင်စီသည် ဂျူပီတာဂြိုဟ်၏ အရံဂြိုဟ်လတစ်စင်း၏ ပုံရိပ်သစ်ကို မကြာမီက ထုတ်ပြန်နိုင်ခဲ့သည်။ ဂျူပီတာဂြိုဟ်ကို အာကာသလှေ့လာရေးယာဉ်မှ ရိုက်ကူးပေးပို့သော ပုံအရ ရောင်စုံပါဝင်သော ရောင်စဉ်တန်းများ ယှက်သန်းနေသည့် အရံဂြိုဟ်လတစ်စင်းကို တွေ့ရှိခဲ့ရသည်။ အချို့ ရောင်စဉ်တန်းများသည် အပြာရောင်ဖြစ်ကာ အချို့ ရောင်စဉ်တန်းများမှာ အနက်ရောင်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်ဓာတ်ပုံ)**

အိန္ဒိယနိုင်ငံသည် မကြာမီက သတင်းအချက်အလက်များ ရယူနိုင်မည့် ဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံးကို ဝေဟင်သို့ လွှတ်တင်ခဲ့သည်။ ယင်းဂြိုဟ်တုမှာ ပြည်ပနိုင်ငံလုပ် ဂြိုဟ်တုဖြစ်ရာ ၄င်းတို့ကိုယ်ပိုင် ထုတ်လုပ်သည့် ခေတ်မီဂြိုဟ်တုတစ်လုံး ထပ်မံလွှတ်တင်မည်ဟု အိန္ဒိယအာကာသပညာရှင်များက ပြောကြားသည်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ အာကာသရေးရာ စီမံအုပ်ချုပ်မှုအဖွဲ့မှ မကြာမီ အာကာသအတွင်း လွှတ်တင်မည့်ဂြိုဟ်တု၌ တပ်ဆင်အသုံးပြုမည့် ရေဒါပြားများကို ဗဟုသုတအလို့ငှာ ပေ့ျဂျင်းရက်မှ စတင်ကာ ပေကျင်းမြို့၌ ပြည်သူများအား ပြသထားပြီဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် အာကာသအတွင်း ဂြိုဟ်တုအလုံး ၃၀အထိ လွှတ်တင်သွားမည် ဖြစ်သည်။ **(အင်တာနက်ဓာတ်ပုံ)**

နာဆာဆိုသည်မှာ . . .

အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသ အုပ်ချုပ်ရေးအဖွဲ့ (နာဆာ) ကို ၁၉၅၈ခုနှစ် အောက်တိုဘာ ၁ရက်၌ စတင် ထူထောင်ပြီး လုပ်ငန်းများ ဆောင်ရွက်သည်။ တစ်နှစ်လျှင် ဘတ်ဂျက်ခွင့်ပြုငွေ အမေရိကန် ဒေါ်လာ သန်း ၁၀၀ အနည်းဆုံးသုံးခွင့်ရှိပြီး ဝန်ထမ်း စုစုပေါင်း ၈၀၀၀ခန့် တာဝန်ထမ်းဆောင်လျက်ရှိသည်။

နာဆာအဖွဲ့က ပထမဦးဆုံး အာကာသသို့ လွှတ်တင်သည့် အာကာသယာဉ်မှာ ပိုင်အိုးနီးယား-၁ဖြစ်သည်။ အရံဂြိုဟ်လသို့ ပိုင်အိုးနီးယား-၄ အာကာသယာဉ်ကို ၁၉၅၉ခုနှစ် မတ်၃ရက်၌ လွှတ်တင်ခဲ့သည်။ ယခု ၂၀၀၉ ခုနှစ်သည် အရံဂြိုဟ်လ၏ မျက်နှာပြင်ပေါ် ပထမဆုံးအောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သော အပိုလိုအာကာသယာဉ် လွှတ်တင်မှု၏ နှစ်(၄၀) မြောက်လည်း ဖြစ်သည်။ **(အင်တာနက်)**

ဘဝဒဿန

- *Correct your friend secretly and praise him publicly.*
- *မိတ်ဆွေအား နှစ်ကိုယ်ကြား သိသိပ်စွာ ဝေဖန်အကြံပေး၍ လူသိရှင်ကြား ချီးကျူးပါ။* (ချက်စကားပုံ)

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အင်တာနက် ကျန်းမာရေး

ဆေးလိပ်သောက်သုံးသူများ အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းမြင့်မား

ဆေးလိပ်သောက်သူများသည် အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းမြင့်မားကြောင်း ၄င်းတို့အား ရိုးရှင်းသောနည်းလမ်းသစ်ဖြစ်သည့် ဆီးစစ်ဆေးခြင်းမှတစ်ဆင့် သိပ္ပံပညာရှင်များက စမ်းသပ်ရှာဖွေတွေ့ရှိခဲ့သည်။

ဖော်ပြထား

ဆေးလိပ်သောက်သူ ၈၇ရာခိုင်နှုန်းမှာ ကင်ဆာရောဂါအမျိုးမျိုးအနက် အန္တရာယ်အကြီးမားဆုံးနှင့် အသက်အန္တရာယ်ကို အထိခိုက်နိုင်ဆုံး ကင်ဆာရောဂါဖြစ်သည့် အဆုတ်ကင်ဆာရောဂါကို ခံစားနေကြရကြောင်း ယင်းရှာဖွေတွေ့ရှိချက်တွင် ဖော်ပြထားသည်။

ဆိုးရွားစွာဖြစ်ပေါ်စေနိုင်

နာတာရှည်အဆုတ်ရောဂါကို ခံစားနေရသူများ သို့မဟုတ် အဆုတ်ကင်ဆာ ဖြစ်ပွားခဲ့ဖူးသည့် ဆေးမှတ်တမ်းရှိမိသားစုမှ မိသားစုဝင်များသည် ဆေးလိပ်သောက်သုံးပါက အဆုတ်ရောဂါ အခြေအနေကို ပိုမိုဆိုးရွားစွာ ဖြစ်ပေါ်စေနိုင်ကြောင်းလည်း ယင်းရှာဖွေတွေ့ရှိချက်၌ ဆက်လက်ဖော်ပြသည်။

ကြိုတင်ခန့်မှန်းနိုင်

အမေရိကန် ကင်ဆာသုတေသနအဖွဲ့၏ နှစ်ပတ်လည် တွေ့ဆုံစည်းဝေးပွဲတွင် တင်ပြသော ဆီးကိုအခြေခံသည့် ရောဂါစစ်ဆေးသော နည်းလမ်းသစ်သည် အဆုတ်ကင်ဆာဖြစ်ပွားမည့် အလားအလာကို ကြိုတင်ခန့်မှန်းနိုင်ကြောင်း သိရသည်။

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

ဓာတ်ပုံစက္ကူနှင့် ပလတ်စတစ်အမာစားကို တီထွင်ခဲ့သူ လီယိုဟင်းဒရစ်ခ်ဘာကီလန်

၁၈၆၃-၁၉၄၄

ယနေ့ဓာတ်ပုံလောကတွင် အသုံးပြုနေသည့် ဓာတ်ပုံထုတ်သည့်စက္ကူနှင့် ပလတ်စတစ်အမာစားတစ်မျိုးကို ထုတ်လုပ်ခဲ့သူ လီယိုဟင်းဒရစ်ခ်ဘာကီလန် **(ယာပုံ)**အား ၁၈၆၃ခုနှစ် နိုဝင်ဘာ၁၄ရက်တွင် ဘယ်လ်ဂျီယံနိုင်ငံ ဂျီဟင့်မြို့၌ မွေးဖွားခဲ့သည်။ ဘယ်လ်ဂျီယံ-အမေရိကန်ကပြားတစ်ဦး ဖြစ်သည်။ သူ၏ဖခင်သည် ရှူးဖိနပ်ချုပ်သမား တစ်ဦးဖြစ်ပြီး မိခင်သည် အိမ်ဖော်တစ်ဦးအဖြစ် အလုပ်လုပ်ကိုင်သူဖြစ်သည်။

ကြိုးစားသင်ယူ

လီယိုသည် သူ၏စိတ်ဝင်စားမှုများကို အခြားသူများအား တိုက်ရိုက်မသိစေဘဲ မျိုသိပ်ထားတတ်သူတစ်ဦးဖြစ်သည်။ သူဝါသနာပါသည့်အရာများကို ရွေးချယ်သည့်အခါ စိတ်ဝင်စားစရာ အများကြီးကို ရွေးချယ်ခဲ့သည်။ နှစ်ပေါင်းများစွာ လီယို၏ စိတ်အာရုံကို စိုးမိုးနေသည့်အိပ်မက်ကား ပင်လယ်ပြင်သို့ စွန့်စားထွက်ခွာရန်ပင် ဖြစ်သည်။ သူ၏ စွန့်စားမှုကြီးကို အကောင်အထည်ဖော်နိုင်ရန် လီယိုသည် ပထဝီဝင်ဘာသာရပ်ကို မဟာဝိဇ္ဇာဘွဲ့ရသည်အထိ သင်ယူလေ့လာခဲ့ပြီး အခြားဘာသာရပ်များတွင်လည်း အရည်အချင်းပြည့်မီအောင် ကြိုးစားသင်ယူခဲ့သည်။

ရပ်တည်စေခဲ့

နောက်ဆုံးတွင် လီယိုသည် ပင်လယ်ပြင်သို့ ထွက်ခွာခြင်းထက် ပိုမိုစိတ်ဝင်စားစရာကောင်းသော ဝါသနာတစ်ခုကို တွေ့ရှိခဲ့လေသည်။ ယင်းဝါသနာကပင် လီယိုအား စွန့်ဦးတီထွင်မှုဖြင့် သက်မွေးမှုလုပ်ငန်းအဖြစ် ရပ်တည်စေခဲ့သည်။ ညများစွာ စာပေကျက်မှတ်လေ့လာခဲ့သော လီယိုသည် တစ်ညတွင် သူ၏ အိတ်ထဲမှလိုအပ်သော ကိရိယာတန်ဆာပလာများကိုဆွဲထုတ်ရင်း ထိုနေ့ကမှရိုက်ခဲ့သော ဓာတ်ပုံများကို ကူးဖြစ်ခဲ့လေသည်။

အံ့အားသင့်

အကယ်၍ ဓာတ်ပုံပညာကို ပြီးမြောက်အောင်လေ့လာသင်ယူလိုပါက ဓာတ်ပုံကူးဆေး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများကို လေ့လာရန်လိုကြောင်း လီယိုက အချိန်တိုအတွင်းမှာပင် ရိပ်စားသိရှိခဲ့လေသည်။ လီယိုတက်ရောက်နေသော ကျောင်းသည် ဓာတ်ပုံပညာနှင့် ဆက်စပ်သောမည်သည့်ဘာသာရပ်ကိုမျှ သင်ကြားပေးခဲ့ခြင်းမရှိသောကြောင့် သူ၏ဝါသနာကိုဖြည့်ဆည်းနိုင်ရန် ဂျီဟင့်မြို့ရှိ မြူနီစီပယ်

နည်းပညာကျောင်း၌ ညကျောင်းသားအဖြစ်တက်ရောက် ပညာသင်ယူခဲ့ပြန်သည်။ ဓာတုဗေဒ အချက်အလက်များနှင့် ပတ်သက်၍ အချိန်တိုအတွင်း လီယို၏ သင်ယူတတ်မြောက်မှုကို ယင်းညကျောင်းမှ ဆရာများက အံ့အားသင့်ခဲ့ကြသည်။ တစ်ချိန်တွင်မူ လီယိုသည် စမ်းသပ်လုပ်ဆောင်ရင်းဖြင့် ဖလင်ပြုလုပ်ရာတွင် သုံးရန် လိုအပ်သည့် ငွေနိုက်တြိတ်ပျော်ရည်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းစမ်းသပ်မှုကို ဆက်လက်လုပ်ဆောင်ရန် အထောက်အကူပြုပစ္စည်းများကို ဝယ်ယူသုံးစွဲရန် လီယိုတွင် ငွေကြေးမလိုက်နိုင်တော့ချေ။ ထို့ကြောင့် စမ်းသပ်မှုတွင် နာရီတစ်လုံးမှ ရယူထားသည့် ငွေပျော်ရည်မှ ဓာတ်ပုံထုတ်ယူရာတွင် လိုအပ်သည့် ငွေကိုထုတ်ယူရန် ၄င်း၏ ဓာတုဗေဒဆိုင်ရာ ကျွမ်းကျင်မှုဖြင့် ထုတ်နုတ်ယူသည့် စစ်ထုတ်သောနည်း သို့မဟုတ် မလိုအပ်သည်ကို ဖယ်ရှားပစ်သည့် နည်းဖြင့် ရယူခဲ့သည်။ လီယိုသည်ငွေနာရီတစ်လုံးကို နိုက်ထရစ်အက်စစ်တွင် ပျော်ဝင်စေပြီးနောက် ရောနှောနေသော မသန့်စင်သည့် အရောအနှောကို ခွဲခြားရန်ဖယ်ထုတ်သည့်နည်းကို အသုံးပြုခဲ့သည်။ ထို့ကြောင့် ၄င်းသည် အရည်အသွေးမြင့် ငွေနိုက်တြိတ်ပျော်ရည်ကို ရရှိခဲ့သည်။

ပိုမိုတောက်ပြောင်

လီယို၏စွမ်းဆောင်ရည်ကြောင့် သူသည် အသက် ၁၇နှစ်အရွယ်တွင် တက္ကသိုလ်၌ အချိန်ပြည့်ကျောင်းသားအဖြစ် ပညာသင်ယူခွင့်ရရှိခဲ့သည်။ လေးနှစ်ပညာသင်ယူပြီးနောက် လီယိုသည် ဓာတုဗေဒဘွဲ့ရရှိခဲ့သည်။ လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် ၁၈၈၇ခုနှစ်တွင် ဘရူဂက်စ်မြို့ရှိ အစိုးရ ရိုးရိုးသိပ္ပံတက္ကသိုလ်၌ ဓာတုဗေဒနှင့် ရူပဗေဒ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ဘယ်လ်ဂျီယံ တက္ကသိုလ်များဆိုင်ရာ ဘွဲ့ရသူများ ဓာတုဗေဒပြိုင်ပွဲတွင် လီယိုက ပထမဆု ဆွတ်ခူးခဲ့သည်။ လီယိုသည် ၁၈၈၉ခုနှစ် အသက် ၂၆နှစ်အရွယ်တွင် ဂျီဟင့်အဆင့်မြင့်တက္ကသိုလ်၌ ဓာတုဗေဒ လက်ထောက် ပါမောက္ခအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ၄င်း၏ ဓာတုဗေဒ ဆရာဟောင်းတစ်ဦး၏ သမီးဖြစ်သူ စီလိုင်းစဝပ်နှင့် လက်ထပ်လိုက်သောအခါ ဇနီးသည်၏ ထောက်ခံအားပေးမှုကြောင့် လီယို၏ဘဝမှာ ပိုမိုတောက်ပြောင်ခဲ့ရသည်။

အခြောက်ခံနိုင်

လီယိုသည် နိုင်ငံရပ်ခြားတွင် နည်းပညာသစ်များနှင့် ဓာတ်ပုံပညာဆိုင်ရာ ဓာတုဗေဒပညာရပ်များကို သင်ယူလေ့လာရန် သုံးနှစ်တာမျှ ပညာသင်ဆုချီးမြှင့်ခံရသောအခါ 'ရေငတ်တုန်း ရေတွင်းထဲကျ' ဆိုသကဲ့သို့ အလွန်ကျေနပ်ပီတိဖြစ်ခဲ့ရသည်။ အင်္ဂလန်နှင့် စကော့တလန်၌ ပညာသင်ယူပြီး အမေရိကန်သို့ရောက်သောအခါ လီယိုနှင့် ဇနီးသည်တို့သည် ဓာတ်ပုံရိုက်ခြင်းနှင့် ကူးဆေးခြင်းပညာကို အထူးပြုသင်ယူလေ့လာခဲ့သည်။ နယူးယောက်တွင် နှစ်နှစ်ကြာမျှ အလုပ်လုပ်ပြီးသောအခါ လီယိုသည် ယင်းမြို့တွင်ပင် ကိုယ်ပိုင်ဓာတ်ခွဲစမ်းသပ်ခန်းကို ဖွင့်လှစ်ခဲ့သည်။ ဓာတ်ပုံပညာ၏ ပြဿနာများအနက်မှ အဓိက ပြဿနာတစ်ခုမှာ နေလှန်းအခြောက်ခံရခြင်းပင်ဖြစ်သည်။ အကယ်၍ နေမသာခဲ့ပါက အစိုဓာတ်ကြောင့် ဓာတ်ပုံကို ကောင်းမွန်စွာမထုတ်နိုင်ခြင်းပင် ဖြစ်သည်။ ၁၈၉၃ခုနှစ်တွင်မူ လီယိုသည် ဗီလောက်စ်(ခေါ်)ငွေနိုက်တြိတ် ပျော်ရည် ပေါင်းစပ်ပါဝင် ပြုလုပ်ထားသည့် နေအပူရှိန်မလိုဘဲ အလွယ်တကူ ခြောက်နိုင်သည့် ဓာတ်ပုံထုတ်စက္ကူကို တီထွင်နိုင်ခဲ့သည်။ ယင်းစက္ကူသည် အလွယ်တကူ ပုံနှိပ်ထုတ်ယူနိုင်ပြီး သာမန်အပူချိန်တွင် အခြောက်ခံနိုင်သည်။

ကျယ်ပြန့်စွာသုံးစွဲ

လီယိုသည် ဓာတ်ပုံထုတ်စက္ကူအပြင် သူ၏နည်းလမ်းကို အသုံးပြု၍ ပလတ်စတစ် အမာစားတစ်မျိုးကိုလည်း ထုတ်လုပ်နိုင်ခဲ့သည်။ ယင်းပလတ်စတစ်ကို ဘာကာလိုက်ထ်ဟု အမည်ပေးခဲ့သည်။ ၁၉၀၇ခုနှစ် ဇူလိုင် ၁၃ရက်တွင် လီယိုသည် သူ၏တီထွင်မှုများကို တရားဝင် မှတ်ပုံတင်မူပိုင်ခွင့် ရယူခဲ့သည်။ သူတီထွင်ခဲ့သော ပလတ်စတစ်အမာစားကို ကားတွင် လေကာမှန်အဖြစ်လည်းကောင်း၊ ဒလက်တံများ၊ လျှပ်စစ်ဆိုင်ရာ အသေးစားပစ္စည်းများ၊ လေယာဉ်ပန်ကာများ၊ တယ်လီဖုန်းများ၊ နောက်ပိုင်းတွင် အာကာသယာဉ်များ၏ အပူကာပြားများအဖြစ် ကျယ်ပြန့်စွာ သုံးစွဲလာကြသည်။

ဖော်ပြ

လီယိုသည်သူ၏ တီထွင်မှုခြေလှမ်းများအား ကျယ်ပြန့်စွာသုံးစွဲနေခဲ့သည့် ကာလရှည်ကြီးကို ကျေနပ်စွာ တွေ့မြင်ဖြတ်သန်းခဲ့ရသည့် အသက် ၈၀နှစ်အရွယ်အထိ နေထိုင်ခဲ့ရသော်လည်း ၁၉၄၄ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် တီထွင်မှုလောကကြီးကို ထာဝရ ကျောခိုင်းသွားခဲ့ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-အင်တာနက် **ချစ်စိုးနိုင် ရေးသားသည်**

OKKTHAR UNITED FC

ဥဿာယူနိုက်တက်ဘောလုံးအသင်းအား

ပဲခူးတိုင်းဒေသခံ တိုင်းရင်းသား ရပ်မိရပ်ဖများထံသို့ မိတ်ဆက်အပ်နှံခြင်း အခမ်းအနား

ပဲခူးတိုင်းကိုယ်စားပြု **ဥဿာယူနိုက်တက်ဘောလုံးအသင်း** အား စနစ်တကျ ဖွဲ့စည်းတည်ထောင်ပြီး ဖြစ်ပါသဖြင့် ပဲခူးတိုင်းအတွင်းရှိ တိုင်းရင်းသားဒေသခံ ရပ်မိရပ်ဖ ပြည်သူများအား အမှုထား၍ မိတ်ဆက်အပ်နှံခြင်းအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် မိဘများ၏ ဥဿာယူနိုက်တက်ဘောလုံးအသင်းအား အားပေးချီးမြှင့်နိုင်ရန်အတွက် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မွန်းလွဲပိုင်း အစီအစဉ်

တောင်ငူတိုင်း စစ်ဌာနချုပ်ဘောလုံးအသင်းနှင့် ဥဿာယူနိုက်တက် ဘောလုံးအသင်း ခြေစမ်းပွဲအစီအစဉ်

ကျင်းပမည့်နေရာ - [illegible]
ကျင်းပမည့်အချိန် - [illegible]
ကျင်းပမည့်နေ့ရက် - [illegible]

ညပိုင်း ဖျော်ဖြေရေးအစီအစဉ်များ

Heaven Born တေးဂီတအဖွဲ့ [illegible]
[illegible]

ကျင်းပမည့်နေရာ - [illegible]
ကျင်းပမည့်အချိန် - [illegible]
ကျင်းပမည့်နေ့ရက် - [illegible]

Sponsor by:

IBTC

သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာနအတွက်
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ် (၂/၂၀၀၉-၂၀၁၀)

၁။ သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သည့် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ယှဉ်တွဲပါအရေအတွက်များအတိုင်း (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၁။	မြန်မာလက်နှိပ်စက်	၁၀ လုံး
၂။	မိတ္တူကူးစက်	၆ လုံး
၃။	ကွန်ပျူတာ	၁၀ စုံ
၄။	Fax	၈ လုံး

၂။ တင်ဒါပေးသွင်းမှုကို ၁၈-၅-၂၀၀၉ ရက် ၁၆း၃၀ နာရီတွင်ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

(၁) - သစ်တောဦးစီးဌာန
- ရုံးအမှတ် (၃၉)
- နေပြည်တော်
- ဖုန်း-၀၆၇-၄၀၅၀၀၁၊ ၀၆၇-၄၀၅၀၁၇

(၂) - သစ်တောဦးစီးဌာန
- အနောက်ကြို့ကုန်း
- ဘုရင့်နောင်လမ်း၊ အင်းစိန်
- ဖုန်း-၀၁-၆၈၁၉၂၉၊ ၀၁-၆၄၄၂၀၈။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံ၏ Electrical Line Inst: of H.T Line လုပ်ငန်းများအတွက် လျှပ်စစ်ပစ္စည်း (၃)မျိုးဝယ်ယူရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။
၂။ တင်ဒါပိတ်ရက်မှာ ၁၅-၅-၂၀၀၉ ရက်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့် အချက်အလက်များအား အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ် ၀၆၇-၄၀၈၃၄၀ နှင့် ၀၁-၅၃၀၄၄၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

ပစ္စည်းဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် ယှဉ်တွဲဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်။

(တင်ဒါအမှတ် ၁/၀၉-၁၀)

စဉ်	အမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်
1.	1000 KVA 6.6-11/04KV Transformer	(1) No	19-5-2009
2.	Control Cubicle 2 Accessories	(1) Set	19-5-2009

အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း စီမံကိန်းဌာန၊ အဆောက်အအုံအမှတ်(၄၁)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းဆက်သွယ်ပြီး တင်ဒါပုံစံများကို လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူသူများထံမှ တင်ဒါကိုသာလက်ခံပါမည်။ အသေးစိတ်သိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ်-၀၆၇-၄၀၈၁၄၆ (စီမံကိန်းဌာန)(နေပြည်တော်)တွင် စုံစမ်းနိုင်ပါသည်။

မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

အမြန်ပြန်လာပါ

ကျွန်တော်၏ဇနီး နေပြည်တော်ပျဉ်းမနား ကူးတို့အုပ်စု ဝဲကြီးကျေးရွာနေ မအေးအေးခိုင် (ဘ) ဦးထွန်းရ ၉/ပမန(နိုင်)၀၃၇၆၉၁သည် မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ခုနစ်ရက်အတွင်း ပြန်လာရန်နှင့် ၄င်းအား ဖြားယောင်းသွေးဆောင် လက်ခံထားသူကို တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း။

ကျော်ထွန်းဦး၊ ဝဲကြီးကျေးရွာ
၉/ပမန(နိုင်)၀၀၁၈၉၇။

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ဇလွန်၌ ဂုန်လျှော်ချည်ပေါင်လျှော် စိုက်ပျိုး

ဇလွန် မေ ၃၀

ဇလွန်မြို့နယ် ကျုံရှအဝယ်စခန်း သက္ကယ်ကျွန်းကျေးရွာအုပ်စု ဂုန်လျှော်ချည်ပေါင်လျှော် စုပေါင်းရေတင်ထွန်ယက်စိုက်ပျိုးပွဲကို မေ ၁ ရက်က သက္ကယ်ကျွန်းကျေးရွာတောင်သူဦးဌေးအောင်၏ စံပြကွက်၌ကျင်းပရာ ဇလွန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်သိန်း၊ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန အထွေထွေမန်နေဂျာ (စီမံကိန်းဌာန) ဦးခင်မောင်ဝင်း(၁)၊ ဟသ်ာတဇုန် မန်နေဂျာ ဦးဉာဏ်လင်း၊ ခနေဖြူမြို့ စက်ရုံမှူး ဦးနေဦး၊ မြို့နယ်မန်နေဂျာ ဦးမြင့်ထူးနှင့်ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်အားပေးကြသည်။ **(ယာပုံ)**

စီမံကိန်းလျာထားချက်

၂၀၀၉ခုနှစ်တွင် ဇလွန်မြို့နယ် စီမံကိန်းလျာထားချက်မှာ ဂုန်လျှော် ချည်ပေါင်လျှော် ဧက ၄၆၀၀ကျော် စိုက်ပျိုးမည်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေး အသိမြှင့်တင်ရေး လုပ်သားသင်တန်းဖွင့်

မိုးမောက် မေ ၃

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် Care Myanmar တို့ ပူးပေါင်းဖွင့်လှစ်သော ကြက်ငှက်တုပ်ကွေးရောဂါ ပြည်သူလူထု အသိပညာမြှင့်တင်ရေးလုပ်သား သင်တန်းဖွင့်ပွဲကို ဧပြီ၂၇ရက်မှ ၂၉ရက်အထိ မိုးမောက်မြို့နယ်အသင်းခန်းမ၌ ဖွင့်လှစ်ရာ အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
နေပြည်တော်တွင်နေရာချထားမည့် ဥတ္တရသီရိမြို့ကွက်နှင့် ဒက္ခိဏသီရိမြို့ကွက်အတွက်
မြေကွက်လျှောက်လွှာခေါ်ယူခြင်း

၁။ နေပြည်တော် ဥတ္တရသီရိမြို့နှင့် ဒက္ခိဏသီရိမြို့တို့အား အောက်ပါအချက်အလက်များဖြင့် ဖော်ထုတ်ပြီး ဖြစ်ပါသည်-

(က) **မြေကွက်အရွယ်အစား။** ပေ ၁၂၀×၁၂၀ မြေကွက်၊ ပေ၁၀၀×၁၀၀မြေကွက်၊ ပေ ၈၀×၈၀ မြေကွက်၊
(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်၊
(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ဆက်သွယ်ရေး၊ ရေရရှိရေးနှင့်ရေစီးရေလာစနစ်များ ဆောင်ရွက်ပေးမည်၊
(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံ အစရှိသည့် လူမှုရေး အဆောက်အအုံများအပြင် စက်မှုလက်မှုဖွံ့ဖြိုးရေးဇုန်၊ အင်းဝဘဏ်နှင့် ကမ္ဘောဇဘဏ်များ ဆောက်လုပ်ပေးပြီးဖြစ်သည်။

၂။ မြေကွက်လျှောက်ထားသူများသည် အောက်ပါအချက်အလက်များအား လိုက်နာရမည်-

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် အောက်ဖော်ပြပါနှုန်းထားအတိုင်း ငွေပေးသွင်းရမည်။
 (၁) အကျယ်ပေ ၁၂၀ × ၁၂၀ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၄၀၊
 (၂) အကျယ်ပေ ၁၀၀ × ၁၀၀ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၃၀၊
 (၃) အကျယ်ပေ ၈၀ × ၈၀ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၂၀၊
(ခ) အမှန်တကယ်နေထိုင်ရန်လိုအပ်ပါက မြေကွက်နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။
(ဂ) အမှန်တကယ်နေထိုင်သူများ ဖြစ်ရမည်။
(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာဖြစ်သဖြင့် မည်သည့် စီးပွားရေးလုပ်ငန်းမျှ လုပ်ကိုင်ခွင့်မပြုပါ။
(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ်(သို့မဟုတ်) နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်။
(စ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်။ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသည့် အိမ်ပုံစံကို ကော်မတီသို့တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။
(ဆ) သတ်မှတ်မြေကွက်တစ်ကွက်တွင် အိမ်တစ်လုံးထက်ပို၍ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ ဆောက်လုပ်ခြင်းအား ခွင့်မပြုပါ။
(ဇ) နေရာချထားပေးပြီး အနည်းဆုံးသုံးလအတွင်း အဆောက်အအုံ စတင်ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။
(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့် လျော်ကြေးမှမပေးဘဲ မြေကွက်အား ပြန်လည်သိမ်းယူမည်။
(ည) အဆောက်အအုံ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်း မပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချမည်ဆိုပါက သတ်မှတ် မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့်ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့် မပြုပါ။

၃။ မြို့ကွက်သစ်လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူဖြစ်ရပါမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရားဥပဒေဘောင်ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုဖြစ်စေ၊ အဖွဲ့အစည်းများနှင့်ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ၊
(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ဖူးခဲ့သူသော်လည်းကောင်း၊ ကျူးလွန်ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူသော်လည်းကောင်း မဖြစ်စေရ၊

၄။ မြေကွက်လျှောက်ထားရန် စိတ်ပါဝင်စားသူများအနေဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဆက်သွယ် စုံစမ်းလျှောက်ထားနိုင်ပါသည်။

စုံစမ်းရန် ဖုန်းနံပါတ်-၀၆၇-၄၀၄၂၈၂၊ ၀၆၇-၄၁၄၆၆၇၊၀၆၇-၄၁၄၂၀၂၊၀၆၇-၄၁၄၂၀၄။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပခ/၂၉၁၀၄ ဟွန်ဒါဒရင်း 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းသူ ၇/ဒဥန(နိုင်)၀၀၀၃၁၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဦးစီးမှူးရုံး(ပဲခူး)။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ် (ထ/၂၀၅၊ ထ/၂၀၅-၁၊ ထ/၂၀၅-၂)၊ မြေအကျယ်အဝန်း အလျား(ပေ ၁၂၀ ×အနံပေ ၁၀၀)ရှိ နှစ် ၆၀ ဂရန်မြေကွက် သုံးကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ မြေစာရင်းတွင် ဒေါ်မြင့်မြင့်ဦး အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်က အရောင်းအဝယ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူထားပြီး စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသကိုလည်း ပေးချေပြီးဖြစ်ပါသည်။

အဆိုပါကိစ္စကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းကို တင်ပြပြီး ကျွန်မထံ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်လှလှခိုင်
အထက်တန်းရှေ့နေ၊
အမှတ်(၃၉)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
နယ်တရားမရုံး၌
၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၃၄

ဒေါ်လဲ့လဲ့ဝင်း နှင့် ဦးလှဌေး
တရားလို **တရားခံ**

တိုက်(၃)၊ အခန်း(ဂ)၊ ရှစ်မိုင်လမ်းဆုံ၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဦးလှဌေး (ယခုနေရပ်လိပ်စာ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်လဲ့လဲ့ဝင်းက လင်မယားကွာရှင်းပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် မေ ၂၆ရက် (၁၃၇၁ခုနှစ် နယုန်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် ဧပြီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းထွေး (တ/၁၆၈၅)
ဒုတိယခရိုင်တရားသူကြီး(၂)
အရှေ့ပိုင်းခရိုင်တရားရုံး။

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ကလေးမြို့နယ်တရားရုံး
၂၀၀၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၆

ဦးရခိုင် နှင့် ၁။ ဦးလှအောင်ကျော်
၂။ ဦးလင်း
၃။ ဦးထွန်းဝေ
၄။ ဦးဝင်းဦး
တရားလို တရားပြိုင်များ

ကလေးမြို့၊ ဗိုလ်ချုပ်လမ်း (ချယ်ရီတိုက်အရှေ့ဘက်)၊ အောင်မင်္ဂလာရပ်ကွက်နေ (၂)တရားပြိုင် ဦးလင်း(ယခုနေရပ်လိပ်စာမသိ) နေထိုင်သူနှင့် ကလေးမြို့နယ် ၁၂ မိုင်ရွာ၊ နတ်ကြီးကုန်း(ကာ)အုပ်စု၊ ရွှေနန်းတော်ရေနံချက်ဖိုနေ ဦးဝင်းဦး (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ ဦးရခိုင်က ရေနံစိမ်းဖိုးငွေကျပ် ၂၇၉၀၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ ခုနှစ် မေ ၁၄ ရက် (၁၃၇၁ ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၉ ခုနှစ် မေ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်သူဇာအေး
တွဲဖက်မြို့နယ်တရားသူကြီး
ကလေးမြို့နယ်တရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်း-၂၀)
ဟသ်ာတမြို့နယ်တရားရုံး
၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၄၂

ဒေါ်မြင့်မြင့်ကြည် နှင့် ၁။ ဒေါ်ကြည်ကြည်ထွန်း(ခ)ဒေါ်အုန်းကြည်
(၎င်း၏အထူးကိုယ်စားလှယ် ၂။ ဦးသိန်းထွန်း
ဦးမြဝင်း) ၃။ ဒေါ်အေးသိန်း
၄။ ဦးသိန်းဝင်း
တရားလို **တရားပြိုင်များ**

ကြံခင်းမြို့၊ မင်းသီရိရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ် (၂၃၇)နေ (၁) ဒေါ်ကြည်ကြည်ထွန်း (ခ)ဒေါ်အုန်းကြည်၊ (၂)ဦးသိန်းထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။ သင်တို့အပေါ်၌ တရားလိုက ငွေကျပ်၆၀၁၀၀၀ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၉ခုနှစ် မေ၁၈ရက် နံနက်၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ ၎င်းနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

၂၀၀၉ခုနှစ် ဧပြီ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်အေးမြစန္ဒာချို
(တ/၂၈၈၈)
ဒုတိယမြို့နယ်တရားသူကြီး
မြို့နယ်တရားရုံး၊ ဟသ်ာတမြို့။

FUTURE LIGHT KINDERGARTEN
အဆင့်မြင့်မူကြို

သူငယ်တန်းအကြို ကျောင်းအပ်လက်ခံပြီ။

ခြံအမှတ် ၄၇(ခ) ဖိုးစိန်လမ်း၊ ဗဟန်း၊ ရန်ကုန်။

ဖုန်း-၅၅၄၀၀၃၊ ၀၉-၅၀-၁၄၄၇၅။

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

[တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ (၁)]
သရက်ခရိုင်တရားရုံး
၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၈

ဦးဌတို နှင့် ၁။ ဦးတင်လှ
၂။ ဒေါ်အေးနိုင်(အတူနေဇနီး)
တရားလို **တရားပြိုင်များ**

သရက်မြို့၊ ပြည်တော်အေးရပ်ကွက်၊ မင်းတုန်းလမ်းနေ ၁။ ဦးတင်လှ၊ ၂။ ဒေါ်အေးနိုင်တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးဌတိုက ပဲကြီးဖိုးငွေကျပ် ၈၉၇၈၂၅၀ ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် မေ ၂၂ရက် (၁၃၇၁ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည် ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလို ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့တင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် ဧပြီ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးခက်ခက်
ခရိုင်တရားသူကြီး
သရက်ခရိုင်တရားရုံး။

ဖခင်အမည်မှန်

ကျိုင်းတုံမြို့ အထက(၃)ပဥ္စမတန်း(B)မှ မလှလှဝင်းနှင့် တတိယတန်း(A)မှ မအေးသန္တာတို့၏ ဖခင်အမည်မှန်မှာ ဦးချီးတား ၁၃/ကတန(နိုင်)၀၃၆၅၂၃ ဖြစ်ပါကြောင်း။

ဦးချီးတား
၁၃/ကတန(နိုင်)၀၃၆၅၂၃။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အထက(၁) သတ္တမတန်း(အေ)မှ မောင်ဖြိုးသက်ကို၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော် ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ ရွှေစက်အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်း(ဘီ)မှ မောင်အားဆာ၏ ဖခင်အမည်မှန်မှာ ဦးဇော်မြင့် ၅/ပလန(နိုင်)၀၄၃၁၀၄ ဖြစ်ပါသည်။

အမည်ပြောင်း

အဖ ဦးဇော်မြင့်၏သား မြစ်ကြီးနားမြို့ ရွှေစက်အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်း(ဘီ)မှ မောင်အားဆာအား မောင်ကျော်ဇင်လတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ဇင်လတ်။**

အမည်ပြောင်း

အဖ ဦးစန်းလွင်၏သား တောင်တွင်းကြီးမြို့ မြို့မ အမကမူလွန် သတ္တမတန်းမှ မောင်ကောင်းမြတ်ဟိန်းအား ယနေ့မှစ၍ မောင်ကျော်ကျော်ထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ကျော်ထက်။**

အမည်ပြောင်း

အဖ ဦးရဲထွန်း၏သား အမက(၇) တာမွေ ပထမတန်း Grade (II) A-1 (အောင်)တွင် ပညာသင်ကြားနေသော မောင်ထက်ဝဏ္ဏထွန်းအား မောင်ရဲမင်းဦးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲမင်းဦး။**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄/၆၉၀၈ ယာဉ်လက်ဝယ်ရှိသူ ဦးဇခေါင် ၅/ကသန(နိုင်)၀၁၄၀၉၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနားမြို့)။

ကချင်ပြည်နယ်သည် ပြည်ထောင်စုကြီး၏အစိတ်အပိုင်းတစ်ခုဖြစ်၍ ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ လုံခြုံအေးချမ်းပြီး တရားဥပဒေစိုးမိုးရေးကို သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်

မိုးမောက်မြို့နယ်တွင် တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်လျက်ရှိ စီမံကိန်းပြီးပါက လျှပ်စစ်ဓာတ်အား တစ်နှစ်ပျမ်းမျှ ၁၀၆၅ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆင်ဘိုမြို့ ပြည်သူ့ဆေးရုံ၌ တာဝန်ရှိသူများအား ဇီဝဘက်ထရီအသုံးပြု၍ လျှပ်စစ်မီးထွန်းနိုင်ရေး စီမံဆောင်ရွက်ပေးရန် မှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၇

ကချင်ပြည်နယ် ပူတာအိုမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မေ ၆ ရက် နံနက် ၈ နာရီတွင် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ပူတာအိုခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတို့ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ် မာန်အောင်မြို့သို့ တစ်ခေါက်

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း သတင်းထောက်စဉ့်ကူစိုးဝင်း

စာမျက်နှာဖွဲ့စည်းမှု သောင်းရွှေ(မြန်မာ့အလင်း)

ရန်ကုန် မေ ၇

သတင်းခရီးသည်နှင့် ရုပ်သံကျွမ်းကျင်(၃) ဦးအေးချမ်းစိန်တို့သည် တောင်ကုတ်မြို့ မလိခဆိပ်ကမ်းမှ ကျော်ကျော်ဟိန်းမော်တော်ဖြင့် မာန်အောင်မြို့သို့ မွန်းလွဲ ၂နာရီတွင် ထွက်ခွာခဲ့ကြသည်။ မထွက်ခွာမီကပင် လမ်းခရီးတွင် အန္တရာယ်ကင်းစွာ ရပ်နားညအိပ်ပြီး နံနက်စောစော မာန်အောင်သို့ အရောက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောပြထားသည်။

ခရီးစဉ်

မော်တော်လုပ်သားတစ်ဦးက ခရီးစဉ်မှာ မလိခဆိပ်ကမ်းမှ တန်တရာရေရူဝယ်ဒိုင်စခန်း၊ ဦးကျောက်တောင် သဘော်ာကျင်း၊ ရန်ခေါ်ချောင်း၊ ဘီလူးမတောင်၊ ခေါင်းလောင်းဒူကျေးရွာ၊ ခေါင်းလောင်းဒူကျောက်တောင်ဘုရား၊ ခရိုင်ရွာ၊ ပန်းထော်ကျွန်း၊ ငှက်ဆင်တောင်၊ မင်းလမ်းမွန်ချောင်း၊ ကုလားရောင်ရွာ၊ ကုလားရောင်မြစ်၊ ပန်းတင်ကျွန်း၊ ပန်းကျွန်း၊ ကံဆိပ်ရွာ၊ ပြည်လုံးအေးစေတီတော်၊ ငမုန်တိုင်းရွာ၊ ဖောင်းခါးကျွန်း၊ ကလိန်တောင်ရွာ၊ ရမ်းဗြဲမြစ်၊ ကျောက်နီ မော်ရွာ (ရမ်းဗြဲကျွန်း)၊ စကုကျွန်း၊ ကျွန်းစလောင်း၊မကျည်းကျွန်း၊ မာန်အောင်ရေလက်ကြားကို ကျော်ဖြတ်ကာ မာန်အောင်မြစ်မှ မာန်အောင်မြို့သို့ သွားရောက်မည်ဖြစ်ကြောင်း ပြောပြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ●

အောင်မြင်ဖြစ်ထွန်းနေသည့် မာန်အောင်မြို့နယ် ဘဲအင်းကျေးရွာမှ ဆင်းပဒေသာ(၆) မြေပဲခင်းကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)